မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၂ ခုနှစ်၊ တပို့တွဲလဆန်း ၃ရက်၊ ၂၀၁၁ ခုနှစ်၊ ဖေဖော်ဝါရီ ၆ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ (၅၀)၊ အမှတ် (၁၂၉)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်	စီးပွားရေး ဦးတည်ချက်(၄)ရပ်	လူမှုရေး ဦးတည်ချက်(၄)ရပ်
* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး	* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး	* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး	* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး	* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး	* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး	* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး	* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ပြည်ထောင်စုစိတ်ဓာတ်အခြေခံဖြင့် ကာကွယ်ထိန်းသိမ်းကြရမည်

ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး ကမ္ဘာတည်သရွေ့ ကမ္ဘာ့အလယ်တွင် ဝင့်ဝင့်ထည်ထည် တည်တံ့ခိုင်မြဲစွာ ရပ်တည်နိုင်ရေးအတွက် မကြုံစဖူး ထူးကဲစွာရရှိပြီးဖြစ်သော တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို နိုင်ငံသူ နိုင်ငံသားအားလုံးက ပြည်ထောင်စုစိတ်ဓာတ်အခြေခံဖြင့် ကာကွယ်ထိန်းသိမ်းကြရမည့် တာဝန်ရှိသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ
တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ သဝဏ်လွှာမှ -

ပေ ၁၈၀ အထက် ၂၅၅ စင်းမြောက် ဒေါင်းနေချောင်းတံတား မကွေးမြို့နယ်၌ဖွင့်

ဒေသထွက်ကုန်များ ပိုမိုမြန်ဆန်စွာ ပို့ဆောင်ကုန်သွယ်နိုင်တော့မည်

နေပြည်တော် ဖေဖော်ဝါရီ ၅

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားတည်ဆောက်ရေးစီမံကိန်း အထူးအဖွဲ့(၁၄)က တာဝန်ယူတည်ဆောက်ပြီးစီးခဲ့သည့် မကွေးတိုင်းဒေသကြီး မကွေးခရိုင် မကွေးမြို့နယ် ရန်ကုန်-ပြည်-မကွေး-မန္တလေးလမ်းပေါ်ရှိ ၂၅၅ စင်းမြောက် ဒေါင်းနေချောင်းတံတားဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါတံတားအနီးရှိ မင်္ဂလာမဏ္ဍပ်၌ ကျင်းပရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်၊ မကွေးတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဘုန်းမော်ရွှေ၊ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဘင်ခရာနှင့်ပန်းဖွားအကအဖွဲ့၊ မင်္ဂလာစည်တော်အကအဖွဲ့၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ ရပ်မိရပ်ဖများ၊ ဖိတ်ကြားထားသူများနှင့် ဒေသခံပြည်သူများ တက်ရောက်အားပေးကြသည်။

မကွေးမြို့နယ် ရန်ကုန်-ပြည်-မကွေး-မန္တလေးလမ်းပေါ်ရှိ ပေ ၁၈၀ အထက် ၂၅၅ စင်းမြောက် ဒေါင်းနေချောင်းတံတားကို တွေ့ရစဉ်။
(သတင်းစဉ်)

ရှင်းလင်းပြောကြား

အခမ်းအနားတွင် ဝန်ကြီးက တံတားတည်ဆောက်ပေးရခြင်းနှင့် တံတားဆိုင်ရာ အချက်အလက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဥက္ကဋ္ဌက အမှာစကားပြောကြားသည်။

ယင်းနောက် ဒေသခံပြည်သူတစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် ဝန်ကြီးနှင့် တိုင်းဒေသကြီးဥက္ကဋ္ဌတို့သည် တံတားဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသော ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ ❖

ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးသို့ ရာသီမရွေး၊ အချိန်အခါမရွေး သွားလာနိုင်တော့မည် ဖြစ်သကဲ့သို့ ဒေသထွက်ကုန်များကိုလည်း ပိုမိုမြန်ဆန်စွာဖြင့် ပို့ဆောင်ကုန်သွယ်နိုင်တော့မည်ဖြစ်ရာ ဤဒေသရှိ ပြည်သူများအနေဖြင့် စီးပွားရေး၊ လူမှုရေး၊ အုပ်ချုပ်ရေး၊ ပညာရေး၊ ကျန်းမာရေးတို့ အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၁ ခုနှစ် ဖေဖော်ဝါရီ ၆ ရက်)

မီးဘေးအန္တရာယ် ကြိုတင်သတိပြုကာကွယ်

ခြောက်သွေ့ကာလသို့ ရောက်ရှိပြီဖြစ်၍ ပြည်သူတိုင်းသည် မီးဘေးကြိုတင်ကာကွယ်မှုများကို စဉ်ဆက်မပြတ် ဆောင်ရွက်ထားရှိကြရမည်ဖြစ်သည်။ သဘာဝဘေးအန္တရာယ်ကြောင့် ဆုံးရှုံးမှုများတွင် မီးဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးမှုများသည် အများဆုံးဖြစ်သည်။

“မီးကို ကြိုတင်ကာကွယ်မှုဖြင့်အနိုင်ယူပါ”ဟူသည့် မီးဘေးအန္တရာယ်သတိပေးဆောင်ပုဒ်အရ ပြည်သူများသည် မီးကိုစနစ်တကျသုံးစွဲပြီး ပေါ့ဆခြင်း၊ သတိလက်လွတ်ဖြစ်ခြင်း၊ မေ့လျော့ခြင်းစသည်တို့ မဖြစ်ရန် အထူးဂရုပြု သုံးစွဲကြရမည်ဖြစ်သည်။

သက်ဆိုင်ရာက မီးဘေးကာကွယ်ရေး ကြိုတင်သတိပေးမှုများထုတ်ပြန်ကာ ပြည်သူများအား သတိပေးလျက်ရှိသည်။ ပြည်သူများအပိုင်းကလည်း အဆိုပါ သတိပေးမှုများကို လိုက်နာဆောင်ရွက်ပါက မီးဘေးအန္တရာယ်မှ ကင်းဝေးမည်ဖြစ်သည်။ မီးလောင်မှုများလျော့နည်းရန်အတွက် မီးသုံးစွဲသည့်အခါ လူစောင့်ရှိရန်၊ မီးဖိုအနီးတွင် လောင်စာနှင့်လောင်စာဆီများမထားရန်၊ မီးဖိုမီးများကို မြေကျင်းတူး၍ စနစ်တကျအသုံးပြုရန်၊ ကလေးငယ်များကို မီးမဆော့စေရန်၊ မီးခွက်၊ မီးအိမ်၊ ဖယောင်းတိုင်မီးများကို ထရံနှင့်ခြင်ထောင်အနီးတွင် မထွန်းညှိရန်တို့ကို သတိပြုဆင်ခြင်ကြရမည် ဖြစ်သည်။

၂၀၀၉ခုနှစ်အတွင်း မီးလောင်မှု ၇၁၄ ကြိမ်ဖြစ်ပွားခဲ့ရာ ပေါ့ဆမီး ၃၀၈ ကြိမ် ဖြစ်ပွားခဲ့သည်။ ၂၀၁၀ခုနှစ်အတွင်း နိုဝင်ဘာလအထိ မီးလောင်မှု ၈၅၆ ကြိမ်ဖြစ်ပွားခဲ့ရာ ပေါ့ဆမီး ၄၂၂ ကြိမ် ဖြစ်ပွားခဲ့သည်။ မီးလောင်ဆုံးရှုံးမှုတွင် ပေါ့ဆမီးကြောင့် ဆုံးရှုံးမှုအများဆုံးဖြစ်ခဲ့ရသဖြင့် ပြည်သူတို့သည် မီးသုံးစွဲရာ၌ စနစ်တကျသုံးစွဲရန်၊ မေ့လျော့မှုမဖြစ်ရန် အထူးသတိပြုကြရမည် ဖြစ်သည်။

မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့သည် မြန်သုံးမြန်ဆိုသည့်နည်းနှင့် မီးလောင်မှုကို အမြန်ဆုံးသိရန် ဆောင်ရွက်ခြင်း၊ မီးလောင်သည့်နေရာသို့ အမြန်ဆုံးသွားခြင်းနှင့် အမြန်ဆုံးမီးကိုငြိမ်းရန် ငြိမ်းသတ်ခြင်းတို့ကို ကျင့်သုံးဆောင်ရွက်လျက်ရှိသည်။ ပြည်သူများအား ပညာပေးမှု၊ သတိပေးမှုများကိုလည်း ပိုမိုဆောင်ရွက်လျက်ရှိရာ ပြည်သူများကလည်း ပညာပေးမှု၊ သတိပေးမှုများကို ဝိုင်းဝန်းလိုက်နာသွားကြရမည်ဖြစ်သည်။

တစ်ဦးတစ်ယောက်၏ ပေါ့ဆမှုကြောင့် အများပြည်သူနစ်နာဆုံးရှုံးမှုမရှိစေရေး၊ မြို့ရွာတစ်ခွင်အေးချမ်းသာယာစေရေးတို့အတွက် ပြည်သူတစ်ဦးချင်းစီက မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး သတိပေးနှိုးဆော်ချက်များကို အလေးထားလိုက်နာဆောင်ရွက်သွားကြပါက မီးဘေးအန္တရာယ်မှကင်းဝေးပြီး မြို့ရွာတစ်ခွင်အေးချမ်းစည်ပင်သာယာနေမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။



စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးသင်တန်း မြောင်းမြခရိုင်နှင့် လပွတ္တာခရိုင်၌ ဖွင့်လှစ်

မြောင်းမြ ဖေဖော်ဝါရီ ၅

မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၏ မြောင်းမြခရိုင်နှင့် လပွတ္တာခရိုင်အတွင်းရှိ စိုက်ပညာ(နယ်) တိုးချဲ့ပညာပေးရေးဝန်ထမ်းများအား မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း နည်းပညာပြန့်ပွားရေးဗဟိုအဖွဲ့မှ စိုက်ပျိုးရေးဆိုင်ရာ နည်းပညာများပို့ချသည့် သင်တန်းကို ဇန်နဝါရီ ၂၈ ရက်က မြောင်းမြမြို့ မြရွှေဝါခန်းမ၌ကျင်းပရာ သင်တန်းဖွင့်ပွဲတွင် မြောင်းမြခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမင်းထူးကျော်က အမှာစကားပြောကြားပြီး နည်းပညာပေးအဖွဲ့ ခေါင်းဆောင် ဒုတိယအထွေထွေမန်နေဂျာ ဦးသန်းကြိုင် **(အပေါ်ပုံ)**က သင်တန်း၏ရည်ရွယ်ချက်များကို စိုက်နယ်ဝန်ထမ်းများ နည်းပညာစွမ်းရည် တိုးတက်လာစေရန် ရှင်းလင်းပြောကြားကာ ခရိုင်မန်နေဂျာဦးထွန်းအောင်ကျော်က ကွင်းဆင်းတွေ့ရှိချက်များမှ နည်းပညာအသစ်များတိုးတက်ဆောင်ရွက်နိုင်ရန် လိုအပ်ချက်များကို ရှင်းလင်းပြောကြားသည်။

စာတွေ့၊ လက်တွေ့ပို့ချ

ဆက်လက်၍ သင်တန်းတွင် နည်းပညာပေးရေးအဖွဲ့ခေါင်းဆောင်က မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ ချမှတ်ထားသော မူဝါဒများ၊ စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားပြီး သီးနှံကာကွယ်ရေးဘာသာရပ်၊ မြေအသုံးချရေးဘာသာရပ်နှင့် မျိုးစေ့ဘာသာရပ်များကို မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း(ရုံးချုပ်)မှ ကျွမ်းကျင်ပညာရှင်များက စာတွေ့၊ လက်တွေ့များဖြင့် ပို့ချခဲ့ကြကြောင်း သိရှိရသည်။

(မြန်မာ့စိုက်ပျိုးရေး)

ပြွန်တန်ဆာအသင်း နှစ်ပတ်လည်စည်းဝေးမည်

ရန်ကုန် ဖေဖော်ဝါရီ ၅

ပြွန်တန်ဆာအသင်း(ရန်ကုန်)၏ သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲနှင့် နှစ်ပတ်လည်အစည်းအဝေးကို ဖေဖော်ဝါရီ ၂၇ရက်(တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ရန်ကုန်မြို့ မဟာဝိဇယစေတီတော်အနီးရှိ ပို့ဆောင်ရေးဝန်ကြီးဌာန ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ အသင်းဝင်များနှင့်ပြွန်တန်ဆာဒေသနယ်သူနယ်သားများဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြရန်နှင့် အသက် (၇၅)နှစ်ပြည့်ပြီးသော အသင်းဝင်များနှင့် မိဘများစာရင်း၊ ၂၀၁၀ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးရရှိသော သားသမီးများ၏ မြန်မာနိုင်ငံစာစစ်အဖွဲ့မှ ထုတ်ပေးသော အမှတ်စာရင်းမိတ္တူတို့ကို ဥက္ကဋ္ဌ ဦးသောင်းလွင် ဖုန်း-၅၄၂၅၉၈၊ဒုတိယဥက္ကဋ္ဌ ဦးတင်မောင်အေး ဖုန်း-၆၆၃၀၈၅၊ ဒုတိယဥက္ကဋ္ဌ ဦးအောင်ကြည် ဖုန်း-၅၁၀၄၀၂၊ ဒုတိယ ဥက္ကဋ္ဌ ဦးကျော်သိန်း ဖုန်း-၆၄၂၆၆၁၊ အတွင်းရေးမှူး ဦးညွန့်ကြည် ဖုန်း-၅၀၂၇၀၃၊ တွဲဖက်အတွင်းရေးမှူး ဦးစောလှ ဖုန်း-၂၉၈၈၂၇၊ တွဲဖက်အတွင်းရေးမှူး ဦးခင်ရွှေ ဖုန်း-၂၈၅၁၂၃၊ ဘဏ္ဍာရေးမှူး ဒေါ်လှမူမူ ဖုန်း-၅၁၁၁၅၈နှင့်တွဲဖက်ဘဏ္ဍာရေးမှူး ဒေါ်ခင်သက်နိုင် ဖုန်း-၃၇၁၇၂၀တို့ထံသို့ ဖေဖော်ဝါရီ ၂၅ ရက် နောက်ဆုံးထား၍ပေးပို့နိုင်ကြောင်း သိရှိရသည်။

(မြန်မာ့အလင်း)

ကွင်းဆင်းစစ်ဆေး

မူဆယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားရှိမှုနှင့် မြေယာရှင်းအလှ ဆောင်ရွက်ထားရှိမှုများကို ရှမ်းပြည်နယ်(မြောက်ပိုင်း)စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဝင်းရွှေ ဇန်နဝါရီ ၂၇ ရက်က ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသက်ပိုင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးကျုံးလျှံဗိုင်းတို့ ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

ကဝမြို့၌ မာဃလမ်း ဂဝံလမ်းသစ်ဖွင့်

ကဝ ဖေဖော်ဝါရီ ၅

(၆၄)နှစ်မြောက်ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်သည့် ကဝမြို့ အမှတ်(၆)ရပ်ကွက် မာဃလမ်း ဂဝံလမ်းသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၂ ရက် နံနက်ပိုင်းက အဆိုပါမုခ်ဦး၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးလှဝင်းအောင်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမောင်မောင်ငြိမ်တို့က ဂဝံလမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

အရှည်ပေ

အဆိုပါ အမှတ်(၆)ရပ်ကွက် မာဃလမ်းသည် အရှည်ပေ ၅၄၀ ရှိပြီး ကဝမြို့ အမှတ်(၆)ရပ်ကွက်နှင့် ခမေကြီးကျေးရွာ၊ သပြေကန်ကျေးရွာ၊ မကြက်ကြီးကျေးရွာနှင့် သပြုကျေးရွာများသို့ ဆက်သွယ်သော လမ်းမကြီးဖြစ်ကြောင်း သိရှိရသည်။

(မြို့နယ်စည်ပင်)

ဖာပွန်မြို့၌ သစ်စေ့ပျိုးပွဲတော် ကျင်းပ

ဖာပွန် ဖေဖော်ဝါရီ ၅

ဖာပွန်မြို့နယ်တွင် သစ်စေ့ပျိုးပွဲတော်ကို ဇန်နဝါရီ ၂၉ ရက်က မြို့နယ်သစ်တောဦးစီးဌာနရုံးဝင်း၌ ကျင်းပသည်။

သစ်စေ့ပျိုးပွဲတော်သို့ ဖာပွန်ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစောမြတ်ထွဋ်ဝင်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ သစ်တောဦးစီးဌာနမှူး ဦးအောင်ဇော်ဦးနှင့် သစ်တောဝန်ထမ်းများ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများက ကျွန်း၊ ပျဉ်းကတိုး၊ မဟော်ဂနီ၊ ယူကလစ်မျိုးစေ့များကို တပျော်တပါး ပျိုးထောင်ပေးခဲ့ကြသည်။

(မြို့နယ် ပြန်/ဆက်)

ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် ပိတောက်လမ်း မြခွာညို ဝါဝါဝင်းအိမ်ရာနေ အကယ်ဒမီသရုပ်ဆောင်နေတိုးနှင့်မိသားစုတို့က ထာဝရဆွမ်းပဒေသာပင်နှင့် ဆေးပဒေသာပင်အတွက် ငွေကျပ် ၁၀ သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ကျော်ရှိန်(ငြိမ်း)ထံ ပေးအပ်လှူဒါန်းစဉ်။ (ဘိုးဘွားရိပ်သာ)

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့် ဒေါင်းနေချောင်းတံတား ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

❖ **ရွှေဖုံးမှ**

ဆက်လက်၍ တိုင်းဒေသကြီး ဥက္ကဋ္ဌ၊ နယ်မြေခံတပ်နယ်မှူးနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်လင်းတို့က ဒေါင်းနေချောင်းတံတားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ဝန်ကြီးက ဒေါင်းနေချောင်းတံတား ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး ဝန်ကြီးနှင့်အဖွဲ့ဝင်များသည် တံတားကြီးပေါ်မှ ဖြတ်သန်းကြည့်ရှုကြသည်။

ဒေါင်းနေချောင်းတံတားအမျိုးအစားမှာ အပေါ်ထည် ကြိုတင်အားဖြည့် သံကူကွန်ကရစ်၊ အောက်ထည် သံကူကွန်ကရစ်နှင့် အုတ်မြစ်ကို သံကူကွန်ကရစ် လွန်တူးပိုင်ဖြင့် တည်ဆောက်ထားပြီး စုစုပေါင်းတံတား အရှည် ၁၇၈၅ ပေ၊ ယာဉ်သွားလမ်း အကျယ် ၂၄ ပေ၊ ယာဉ်နှစ်လမ်းသွား၊ လူသွားလမ်း တစ်ဖက်လျှင်နှစ်ပေ ငါးလက်မစီရှိပြီး ယာဉ်တစ်စီးချင်း ခွင့်ပြုအလေးချိန်မှာ တန် ၆၀ ဖြစ်သည်။

တည်ဆောက်ဖွင့်လှစ်

ယခု ဖွင့်လှစ်သည့် ဒေါင်းနေချောင်းတံတားမှာ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တာဝန်ယူတည်ဆောက်ပေးခဲ့သည့် ပေ ၁၈၀ နှင့်အထက် တံတား ၂၅၅ စင်းမြောက်ဖြစ်ပြီး မကွေးတိုင်းဒေသကြီးအနေဖြင့် (၂၁) စင်းမြောက် တည်ဆောက်ဖွင့်လှစ်ပေးခဲ့သည့် တံတားဖြစ်သည်။

ယခင် ဒေါင်းနေချောင်းတံတား မတည်ဆောက်မီက တံတားလုံးဝမရှိဘဲ ချောင်းအတွင်းမှ ကားများဖြတ်သန်းသွားလာရပြီး မိုးရာသီချောင်းရေကျနေချိန်တွင် မော်တော်ယာဉ်များ ဖြတ်သန်းသွားလာရန် အခက်အခဲရှိကာ ရေနည်းပါးချိန်အထိ စောင့်ဆိုင်းရသည့်အတွက် အချိန်ကုန်လူပန်း၊ ခရီးစဉ်များနှောင့်နှေး ကြန့်ကြာခဲ့ရသည်။ ယခု ၎င်းတံတားကြီး တည်ဆောက် ပြီးစီးသွားသည့်အတွက် မကွေးတိုင်းဒေသကြီး မကွေးမြို့မှ မြန်မာ့ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်ရှိရာ ပုဂံညောင်ဦးဒေသသို့လည်းကောင်း၊ မြင်းခြံ-နွားထိုးကြီးလမ်းမှ တစ်ဆင့် ရန်ကုန်-မန္တလေးအမြန်လမ်းကို ဖြတ်ပြီး ရန်ကုန်၊ မန္တလေး၊ နေပြည်တော်သို့ လည်းကောင်း၊ မကွေး - မင်းဘူး - အမ်းလမ်းမှ တစ်ဆင့် ရခိုင်ပြည်နယ်သို့ လည်းကောင်း ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးသို့ ရာသီမရွေး၊ အချိန်အခါမရွေး သွားလာနိုင်တော့မည် ဖြစ်သကဲ့သို့ ဒေသထွက်ကုန်များကိုလည်း ပိုမိုမြန်ဆန်စွာဖြင့် ပို့ဆောင်ကုန်သွယ်နိုင်တော့မည်ဖြစ်ရာ ၎င်းဒေသရှိ ပြည်သူများအနေဖြင့် စီးပွားရေး၊ လူမှုရေး၊ အုပ်ချုပ်ရေး၊ ပညာရေး၊ ကျန်းမာရေးတို့ အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမှတ် (၁) အခြေခံပညာမူလတန်းကျောင်း ကျောင်းအုပ်ကြီး ဦးစိုးမင်းက သူငယ်တန်းဘာသာစုံ ပထမဆုရ မောင်လရောင်သီဟအား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

ဒဂုံမြို့သစ်(မြောက်ပိုင်း) အမက(၁) ဘက်စုံထူးချွန်ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၅

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် အမှတ် (၁) အခြေခံပညာ မူလတန်းကျောင်း၏ ၂၀၀၉-၂၀၁၀ ပညာသင်နှစ် ဘက်စုံထူးချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် အဆိုပါကျောင်းခန်းမ၌ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးစိုးမင်းက အမှာစကားပြောကြားသည်။

ယင်းနောက် လက်ထောက်မြို့နယ်ပညာရေးမှူး ဦးရဲမြင့်က ဂုဏ်ပြုစကားပြောကြားပြီး အဆိုပါကျောင်းမှ ၂၀၀၉-၂၀၁၀ ပညာသင်နှစ် ဘက်စုံထူးချွန်ဆုရ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား ကျောင်းအုပ်ဆရာကြီးနှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ကြသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၆-၂-၂၀၁၁ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၁၀ ၂။ မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊တေးရေး-မောင်မောင်လတ်)
၇:၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၄။ နံနက်ခင်းသတင်း
၇:၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၇:၅၅ ၆။ **သက်ရှည်ကျန်းမာလေ့ကျင့်ပါ**
၈:၀၀ ၇။ ယဉ်ကျေးလိမ္မာ(၃၈)ဖြာမင်္ဂလာ
၈:၁၀ ၈။ အကပြိုင်ပွဲ
၈:၂၀ ၉။ **မေတ္တာရေအမြင့် တင့်လေသည့်ရွှေကြာ**
၈:၃၀ ၁၀။ (၆၄)နှစ်မြောက်ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
၈:၄၀ ၁၁။ International News
၈:၄၅ ၁၂။ တေးဂီတအစီအစဉ်

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ စစ်သည်တေး
၁၁:၁၀ ၂။ (၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
၁၁:၂၀ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
၁၁:၃၀ ၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်ကြိုးတစ်မျှင်** (အပိုင်း-၁၄)
၁၂:၁၀ ၅။ Golf Magazine (TV)
၁၂:၂၀ ၆။ မြန်မာရုပ်ရှင် **နော်ရင်မွေး** နေအောင်၊စိုးသူ၊ဇင်ဝိုင်း၊ စိုးမြတ်သူဇာ၊ခင်ဇာခြည်ကျော် (ဒါရိုက်တာ-အောင်စိုးဦး)
၁၄:၃၅ ၇။ (၆၄)နှစ်မြောက်ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
၁၄:၄၅ ၈။ International News

ညပိုင်း

၃:၄၅ ၁။ **Myanmar National League MNL Grand Royal Cup (2011) ဘောလုံးပြိုင်ပွဲတိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (ရက္ခပူရယူနိုက်တက်အသင်းနှင့် ရန်ကုန်ယူနိုက်တက်အသင်း)**
၅:၄၅ ၂။ (၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
၆:၀၀ ၃။ ညနေခင်းသတင်း
၆:၁၅ ၄။ မိုးလေဝသအခြေအနေ
၆:၂၀ ၅။ ကာတွန်းအစီအစဉ် **ကွမ်တမ်မင်း** (အပိုင်း-၈)
၆:၄၀ ၆။ တစ်မျက်နှာတစ်ကွက်စာ **ပီတိစိမ်း** သူရလင်း၊ ဒါရိုက်တာ-တင်မောင်အေး (တစ်ပါးသီလ)
၇:၀၀ ၇။ နိုင်ငံခြားဇာတ်လမ်းတွဲ **စမ်းရေပမာ** (အပိုင်း-၂၀)
၈:၀၀ ၈။ ပြည်တွင်းသတင်း
၉။ နိုင်ငံတကာသတင်းများ
၁၀။ မိုးလေဝသအခြေအနေ
၁၁။ **ပြည်ထောင်စုစိတ်ဓာတ်မပြတ်ရင့်သန်နိုင်မာရန်မှာ ဒို့တာဝန်** (အသီးတစ်ရာအညှာတစ်ခုဒို့ပြည်ထောင်စု)
၁၂။ ကာတွန်းအစီအစဉ် **တောကောင်ငယ် သိုင်းညီနောင်လေးများ** (အပိုင်း-၉၇)
၁၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **ကွန်ဖူးချစ်သူ** (အပိုင်း-၄)
၁၄။ **ရင်လှိုင်းခတ်သံတေးသီဟန်**
၁၅။ အစီအစဉ်ပြီး၏။

မီးဖိုမီးကြွင်းမီးကျန် သတိပြုရန်

(က) သင့်ရဲ့အိမ်မှာ မီးဖို မီးကြွင်းမီးကျန်မှတစ်ဆင့် မီးလောင်မှုများ ဖြစ်ပွားတတ်သဖြင့်မီးဖိုများ သုံးစွဲပြီးပါက မီးငြိမ်းသတ်ခြင်းကို မမေ့မလျော့ဘဲပြုလုပ်ရန်။

(ခ) သင့်မိသားစုဝင်အားလုံး အပြင်သွားမည် ဆိုပါက သုံးစွဲနေသော လျှပ်စစ်ပစ္စည်းများရှိပါက မီးကို ပိတ်၊ ပလပ်ကိုဖြုတ်၊ မိန်းခလုတ် (Main Switch) တို့ကို ချထားပြီးမှ အပြင်သွားခြင်းကို သတိထားပြီး အလေ့အကျင့် ပြုလုပ်ပါ။

(ဂ) မီးဖို မီးကြွင်းမီးကျန်များကို မေ့လျော့ပေါ့ဆစွာ မငြိမ်းသတ်ထားခြင်းနှင့် အိမ်တွင် လူစောင့်မထားဘဲ တစ်အိမ်လုံးအပြင်သို့သွားစဉ် မီးအားမြှင့်စက်နှင့် မိန်းခလုတ်တို့အား ချမထားခြင်းတို့ကြောင့် မီးလောင်မှုများ ဖြစ်ပွားတတ်သည်ကို အသိတရားဖြင့် သတိထားရန်။

မီးသတ်ဦးစီးဌာန။

မြဝတီရုပ်မြင်သံကြား

၆-၂-၂၀၁၁ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
၇:၀၄ ၃။ နိုင်ငံတော်သီချင်း
၇:၀၅ ၄။ တရားတော်
၇:၁၅ ၅။ ဓမ္မပူဇာတေး
၇:၂၀ ၆။ မျိုးချစ်တပ်မတော်
၇:၂၅ ၇။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၈။ မြန်မာသံစဉ် ချိုနားဝင်
၇:၄၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅ ၁၀။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၂။ အမျိုးသားရေးတေးကဗျာ

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ မြဝတီအဖွင့်
၁၁:၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
၁၁:၀၄ ၃။ နိုင်ငံတော်သီချင်း
၁၁:၀၅ ၄။ အဖွင့်သီချင်း
၁၁:၁၀ ၅။ မျိုးချစ်တပ်မတော်
၁၁:၂၅ ၆။ ကာတွန်းအစီအစဉ် **ချစ်မိတ်ဆွေဗလကြီး** (အပိုင်း-၂၈)
၁၁:၃၀ ၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **အတူသောက်ခဲ့တဲ့ကော်ဖီ**
၁၂:၃၀ ၈။ ကျန်းမာသုတ
၁၄:၀၀ ၉။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ချစ်မျက်ရည်လေးပြယ်ပါစေ** (အပိုင်း-၃၉)

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
၄:၀၄ ၃။ နိုင်ငံတော်သီချင်း
၄:၀၅ ၄။ အဖွင့်သီချင်း
၄:၁၀ ၅။ မျိုးချစ်တပ်မတော်
၄:၂၀ ၆။ သီဆိုဖြေဖျော် တစ်ကိုယ်တော်
၄:၂၅ ၇။ မြန်မာ့ရှုခင်း
၄:၃၀ ၈။ ရန်သူမီး
၄:၄၅ ၉။ ၂၀၁၁ ခုနှစ်တက္ကသိုလ်ဝင်စာမေးပွဲအထောက်အကူပြု သင်ခန်းစာ (ရူပဗေဒ)
၄:၅၀ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
၅:၂၀ ၁၁။ ဒီဇိုင်နာတို့ရဲ့ ဒီဇိုင်း
၆:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၂၀ ၁၃။ အမျိုးသားရေးတေးကဗျာ
၆:၃၀ ၁၄။ ဘဝကြေးမုံ **အပေးအယူနှင့်အအေးအပူ** ထွန်းထွန်းဝင်း၊ကောင်းမိုးယံ၊ သန်းသန်းစိုး၊ကြည်နူးနိုင် ဒါရိုက်တာ-ဆဲဗင်း(I.C)
၆:၅၀ ၁၅။ ဂင်းနက်စ်ကမ္ဘာ့စံချိန်တင်ပြိုင်ပွဲများ
၇:၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကြယ်စင်ညီအစ်မများ** (အပိုင်း-၅၄)
၈:၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
၁၈။ အမျိုးသားရေးတေးကဗျာ
၁၉။ နိုင်ငံတကာသတင်း
၂၀။ မိုးလေဝသသတင်း
၂၁။ ပဟေဠိနန်းတော်
၂၂။ ကျန်းမာသုတ
၂၃။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ရင်၌တည်သောသစ္စာ** (အပိုင်း-၂)
၂၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **အိမ်အပြန်လမ်း** (အပိုင်း-၂၆)

တောင်ပိုင်းစွန်းဒေသများ၌ နေရာကွက်ကျားမိုးရွာနိုင်

နေပြည်တော် ဖေဖော်ဝါရီ ၅

ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် ရခိုင်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် အများအားဖြင့် သာယာခဲ့သည်။ ညအပူချိန်များမှာ မွန်ပြည်နယ်တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်ထက် ၃ ဒီဂရီစင်တီဂရိတ်ပိုခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ချင်းပြည်နယ်တို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၇ ဒီဂရီစင်တီဂရိတ်၊ မန္တလေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိ လျော့နည်းခဲ့ကာ ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ယနေ့မြန်မာစံတော်ချိန် ၁၂ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော သီရိလင်္ကာနိုင်ငံကမ်းခြေအနီးတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းတွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းကာ ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့်သာယာနေသည်။

ဖေဖော်ဝါရီ ၆ ရက်ညနေအထိခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာဖွယ်ရာရှိပြီး ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းကာ ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးနှင့်တို့တွင် အများအားဖြင့်သာယာမည်။ ရွာရန်ရာနှုန်း ၄၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံတောင်ပိုင်းစွန်းဒေသများတွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်သည်။

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့်သာယာမည်။

နိုင်ငံတကာသတင်းများ

မြန်မာနိုင်ငံ၌ သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်မှု ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ကြိုဆိုဂုဏ်ပြု

ကုလသမဂ္ဂ ဖေဖော်ဝါရီ ၅

ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်းက ဖေဖော်ဝါရီ ၄ ရက်နေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၌ သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်မှုသည် အရှေ့တောင်အာရှနိုင်ငံ တစ်နိုင်ငံဖြစ်သည့် မြန်မာနိုင်ငံအတွက် "အရေးပါသော အခွင့်အလမ်းတစ်ရပ်ကို ရရှိလိုက်ခြင်းဖြစ်သည်" ဟု ကြိုဆိုဂုဏ်ပြုပြောကြားခဲ့ကြောင်း ကုလသမဂ္ဂပြောရေးဆိုခွင့်ရှိသူ ဖာဟန်ဟတ်တက သတင်းထောက်များအား ပြောကြားသည်။ မကြာသေးမီက ကျင်းပသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ပြည်ထောင်စုလွှတ်တော်တွင် ဦးသိန်းစိန်အား သမ္မတအဖြစ်လည်းကောင်း၊ သီဟသူရဦးတင်အောင်မြင့်ဦးနှင့် ဒေါက်တာစိုင်းမောက်ခမ်း(ခ)မောင်အုန်းတို့အား ဒုတိယသမ္မတများအဖြစ်လည်းကောင်း ရွေးချယ်တင်မြှောက်ခဲ့ကြသည်။

မျှော်လင့်

ကုလသမဂ္ဂ ပြောရေးဆိုခွင့်ရှိသူ၏ သတင်းထုတ်ပြန်ချက်တွင် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်အနေဖြင့် ဤရွေးချယ်တင်မြှောက်မှုသည် မြန်မာနိုင်ငံ၏ ပြောင်းလဲမှုကနဦးအစအဖြစ် မျှော်လင့်ပါကြောင်း ပြောဆိုချက်ကိုလည်း ဖော်ပြထားသည်။

အမ်အင်န်အေ၊ဆင်ဟွာ



အင်္ဂါဂြိုဟ်ပေါ်သို့ လူသားများ ခြေချဆင်းသက်မည်

မော်စကို ဖေဖော်ဝါရီ ၅

အင်္ဂါဂြိုဟ်လေ့လာရေးအာကာသယာဉ်မားစ်ဖိုက်ဟန်ဒရက် (Mars 500) မှ အာကာသ ယာဉ်မှူးများသည် ကမ္ဘာပတ်လမ်းကြောင်းအတွင်းသို့ ရောက်ရှိခဲ့ပြီးနောက် အင်္ဂါဂြိုဟ်မျက်နှာပြင်သို့ ဆင်း၍ လမ်းလျှောက်ရန် ပြင်ဆင်နေပြီဖြစ်ကြောင်း ဖေဖော်ဝါရီ ၃ ရက်က အင်တာနက်သတင်း တစ်ရပ်တွင် ဖော်ပြသည်။ (အပေါ်ပုံ)

လွန်ခဲ့သော ဇွန်လကလွှတ်တင်ခဲ့သည့် အဆိုပါအာကာသယာဉ်အတွင်း ရုရှားနိုင်ငံသား သုံးဦး၊ ဥရောပအာကာသယာဉ်မှူးနှစ်ဦး၊ တရုတ်နိုင်ငံသား တစ်ဦး စုစုပေါင်းခြောက်ဦးတို့ လိုက်ပါသွားကြသည်။

အာကာသယာဉ်မှူးများမှာ ရုရှားမှ စမိုလက်စကီး၊ ကာမိုင်လာနှင့် အလက်ဇေးဘီတက်ဗ်တို့ ဖြစ်ပြီး ဥရောပမှ ဒီရိုအာဘီးနားနှင့်ရိုမိန်းချာလီတို့ဖြစ်သည်။ တရုတ်အာကာသယာဉ်မှူးမှာ ဝမ်ယူဖြစ်သည်။ ယင်းတို့အနက်မှ သုံးဦးသည် လာမည့် ဖေဖော်ဝါရီ ၁၄ ရက်တွင် အင်္ဂါဂြိုဟ်၏ မျက်နှာပြင်ပေါ်သို့ ပထမဆုံးဆင်း၍ လမ်းလျှောက်ကြရန် စီစဉ်ထားသည်။ ယင်းတို့သည် ကမ္ဘာမြေမှ အင်္ဂါဂြိုဟ်သို့အသွား ရက် ၂၅၀၊ အင်္ဂါဂြိုဟ်ပေါ်တွင် လေ့လာမည့်ရက် ၃၀၊ အင်္ဂါဂြိုဟ်မှ ကမ္ဘာမြေသို့အပြန်ခရီး ရက် ၂၄၀ စုစုပေါင်း ရက် ၅၂၀ ကြာမည်ဖြစ်သည်။ (အင်တာနက်)

အသစ်ရွေးချယ်တင်မြှောက်ခြင်းခံရသော မြန်မာခေါင်းဆောင်များထံသို့ တရုတ်ခေါင်းဆောင်များ ဝမ်းမြောက်ကြောင်း သဝဏ်လွှာများပေးပို့

ပေကျင်း ဖေဖော်ဝါရီ ၅

တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ ဟူကျင်ထောင်းက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ သမ္မတအသစ်အဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသော ဦးသိန်းစိန်ထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာကို ဖေဖော်ဝါရီ ၄ ရက်က ပေးပို့ခဲ့သည်။

သဝဏ်လွှာပေးပို့

အလားတူ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယသမ္မတ ရှီကျင့်ဖျင်ကလည်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ဒုတိယသမ္မတများအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသော သီဟသူရဦးတင်အောင်မြင့်ဦးနှင့် ဒေါက်တာစိုင်းမောက်ခမ်း(ခ) မောင်အုန်းထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့ခဲ့သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ပြည်ထောင်စုလွှတ်တော်က ဖေဖော်ဝါရီ ၄ ရက်နေ့တွင် ဒုတိယသမ္မတ သုံးဦးအနက် ဦးသိန်းစိန်အား သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခဲ့ခြင်းဖြစ်သည်။

အမ်အင်န်အေ၊ဆင်ဟွာ

အန်ကာရာမြို့၌ ဓာတ်ငွေ့ယိုစိမ့် ပေါက်ကွဲမှုများ ဖြစ်ပွား

အန်ကာရာ ဖေဖော်ဝါရီ ၅

တူရကီနိုင်ငံမြို့တော် အန်ကာရာရှိအိုစတမ်စက်မှုဇုန်တစ်ခုအတွင်း ဓာတ်ငွေ့ယိုစိမ့်ပြီး ပေါက်ကွဲမှုနှစ်ခုဖြစ်ပွားခဲ့ရာ အနည်းဆုံး ၁၆ဦး သေဆုံးပြီး အများအပြားထိခိုက်ဒဏ်ရာရရှိသွားကြောင်း တာဝန်ရှိသူများက ပြောကြားသည်။ ပထမပေါက်ကွဲမှုမှာ ဖေဖော်ဝါရီ ၃ရက် နံနက်ပိုင်းက ယင်းစက်မှုဇုန်ရှိ ဂျင်နရေတာစက်ရုံ ဒုတိယထပ်၌ ဓာတ်ငွေ့ယိုစိမ့်မှုဖြစ်ပွားပြီး ပေါက်ကွဲခဲ့ခြင်း ဖြစ်သည်။

ဒုတိယပေါက်ကွဲမှုမှာ ယင်းစက်ရုံအနီးရှိ သုတ်ဆေးထုတ်လုပ်ရေးစက်ရုံ၌ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ အနံ့ခံခွေးများဖြင့် ပထမပေါက်ကွဲမှုဖြစ်စဉ်အတွင်း ရှာဖွေနေစဉ် ဒုတိယပေါက်ကွဲမှုဖြစ်ခဲ့ရခြင်းဖြစ်သည်ဟု ကယ်ဆယ်ရေးအဖွဲ့က ပြောကြားသည်။

အဆိပ်ဖြစ်စေသော ဓာတုဗေဒပစ္စည်းများနှင့် မီးတောက်မီးလျှံများကြောင့် ကယ်ဆယ်ရေးအတွက် အဟန့်အတားဖြစ်စေခဲ့သည်။ သေဆုံးသူအများစုမှာ အိုစတမ်စက်မှုဇုန်၌ ဒုတိယပေါက်ကွဲမှုဖြစ်စဉ်ကြောင့် ဖြစ်သည်။ သဘာဝဓာတ်ငွေ့ သို့မဟုတ် အောက်ဆီဂျင်ဘူးများကြောင့် စက်ရုံအတွင်းပေါက်ကွဲမှုမှာ ပို၍ဆိုးရွားစေခဲ့ကြောင်း တူရကီသတင်းစာဟာရီရက်တွင် ရေးသားဖော်ပြသည်။

အမ်အင်န်အေ၊ဆင်ဟွာ

မြန်မာ့အလင်း နောက်ဆုံးရနိုင်ငံတကာသတင်းများ

မက္ကဆီကိုမြောက်ပိုင်း၌ ဆီးနှင်းများကျဆင်း

မက္ကဆီကိုစီးတီး ဖေဖော်ဝါရီ ၅

မက္ကဆီကိုနိုင်ငံမြောက်ပိုင်းတွင် ရာသီဥတုအလွန်အေးပြီး ဆီးနှင်းများအဆက်မပြတ်ကျဆင်းလျက်ရှိကြောင်း၊ အနှစ် ၅၀ ကျော်အတွင်း အနိမ့်ဆုံးအပူချိန်သို့ ကျဆင်းခဲ့ကြောင်း ဖေဖော်ဝါရီ ၅ ရက်က အင်တာနက်တွင် သတင်းဖော်ပြသည်။ **(ယာပုံ)**

ဆီးနှင်းများကျဆင်းနေမှုကြောင့် နေအိမ်ထောင်ပေါင်းများစွာတို့သည် လျှပ်စစ်နှင့်ရေပြတ်လပ်လျက်ရှိသည်။ ကျောင်းများနှင့် စက်ရုံများလည်း ပိတ်ထားရသည်။ အအေးလွန်ကဲ၍ သေဆုံးသူအနည်းဆုံး ခြောက်ဦးရှိသွားပြီဖြစ်သည်။ အဆိုးရွားဆုံးဒဏ်ခံရသည့်မြို့မှာ မူးယစ်ဆေးဝါးအကြမ်းဖက်မှု အများဆုံးဖြစ်ပွားရာဒေသဖြစ်သည့် စီဒက်ကွာရက်မြို့တွင် ဖြစ်သည်။ ၎င်းမြို့၏ အပူချိန်မှာ -၁၈ ဒီဂရီစင်တီဂရိတ်အထိကျဆင်းနေသည်။ **(အင်တာနက်)**

>>မြင့်မောင်စိုး - စုစည်းသည် <<

အာဖဂန်နယ်စပ်အနီး ပါကစ္စတန်ထိုးစစ်ဆင်တိုက်ခိုက်

အစ္စလမ္မာဘတ် ဖေဖော်ဝါရီ ၅

ပါကစ္စတန်နိုင်ငံ အာဖဂန်နယ်စပ်အနီး မို့ချ်မန်းလူမျိုးစုဒေသ၌ ပါကစ္စတန်အစိုးရတပ်ဖွဲ့ဝင်များနှင့် တာလီဘန်တို့အကြား တိုက်ပွဲဖြစ်ပွားခဲ့သဖြင့် အနည်းဆုံး ဒေသခံ နှစ်သောင်းကျော် နေရပ်မှထွက်ပြေးကြရကြောင်း တာဝန်ရှိသူများက ဖေဖော်ဝါရီ ၅ ရက်၌ ပြောကြားသည်။ အစိုးရတပ်ဖွဲ့ဝင်များက ယင်းဒေသတွင် တာလီဘန်များအား ပစ်မှတ်ထား၍ သီတင်းတစ်ပတ်ကြာသည်အထိ ရဟတ်ယာဉ်များနှင့် လက်နက်ကြီးများအသုံးပြုပြီး တိုက်ခိုက်လျက်ရှိသည်။

ယင်းထိုးစစ်ဆင် တိုက်ခိုက်မှုအတွင်း တာလီဘန်တိုက်ခိုက်ရေးသမား ၇၀ သေဆုံးခဲ့ပြီဖြစ်ကြောင်း၊ ဒေသခံပြည်သူ ထောင်ပေါင်းများစွာတို့ ထွက်ပြေးကြရပြီး ယာယီအမိုးအကာများဖြင့် နေထိုင်နေကြရကြောင်း တာဝန်ရှိသူများက ပြောကြားသည်။ **(ဝဲပုံ)** **(အင်တာနက်)**

ဂျပန်တောင်ပိုင်းမှ မီးတောင် ဆက်တိုက်ပေါက်ကွဲမှုဖြစ်ပွား

တိုကျို ဖေဖော်ဝါရီ ၅

ဂျပန်နိုင်ငံတောင်ပိုင်း ကျူရှူးကျွန်း ကာဂိုရှီးမား စီရင်စုရှိ ရှင်မိုးဒါကေမီးတောင်ကြီး အဆက်မပြတ်ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ ဖေဖော်ဝါရီ ၅ ရက်က ခုနစ်ကြိမ်မြောက်အဖြစ် ပေါက်ကွဲခဲ့သည်။

ယင်းမီးတောင်မှ မီးခိုးနှင့် ပြာမှုန်များ အမြင့်မီတာထောင်ချီ၍ မှုတ်ထုတ်နေသဖြင့် လေကြောင်းခရီးစဉ်အချို့ ရပ်ဆိုင်းခဲ့ရသည်။ (အောက်ပုံ)

မီးတောင်ပေါက်ကွဲမှုကြောင့် အနီးဝန်းကျင်တွင် နေထိုင်သော ပြည်သူ ၁၀၀၀ ကျော်တို့ကိုလည်း ဘေးကင်းရာသို့ ပြောင်းရွှေ့နေရာချထားပေးရကြောင်း တာဝန်ရှိသူများက ပြောကြားသည်။ (အင်တာနက်)

6-2 (04).pmd 1 2/6/2011, 1:59 AM

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်တို့ထံ

တရုတ်အမျိုးသားပြည်သူ့ကွန်ဂရက်ဥက္ကဋ္ဌ ဝမ်းမြောက်ကြောင်း သဝဏ်လွှာများပေးပို့

ပေကျင်း ဖေဖော်ဝါရီ ၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်တို့ထံသို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီဥက္ကဋ္ဌ ဝူဘန်ကိုက လွှတ်တော်ဥက္ကဋ္ဌများအဖြစ် ရွေးချယ်တင်မြှောက်ခံရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာများ ဇန်နဝါရီ ၃၁ ရက်တွင် အသီးသီးပေးပို့ခဲ့ကြသည်။

ရွေးချယ်တင်မြှောက်ခဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်တို့သည် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ၌ ဇန်နဝါရီ ၃၁ ရက်ကကျင်းပသည့် ပထမအကြိမ် ပြည်သူ့လွှတ်တော်ပုံမှန်အစည်းအဝေးနှင့် အမျိုးသားလွှတ်တော်ပုံမှန်အစည်းအဝေးတို့တွင် လွှတ်တော်ကိုယ်စားလှယ်များက ဆန္ဒမဲပေးရွေးချယ်တင်မြှောက်ခဲ့ကြခြင်းဖြစ်သည်။ **အမ်အင်န်အေ၊ ဆင်ဟွာ**

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန

ဝန်ထမ်းဆိုင်ရာဆုတံဆိပ်များနှင့် ဆုငွေများပေးအပ်ချီးမြှင့်ပွဲကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၅

၂၀၀၉ ခုနှစ်နှင့် ၂၀၁၀ ခုနှစ်တို့အတွက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီကချီးမြှင့်သော ဝန်ထမ်းဆိုင်ရာ ဆုတံဆိပ်များနှင့် ဆုငွေများ ပေးအပ်ချီးမြှင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီးရုံး စုပေါင်းခန်းမ၌ ကျင်းပရာ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဇော် တက်ရောက်၍ အမှာစကားပြောကြားသည်။ (အပေါ်ပုံ)

ထို့နောက် ဒုတိယအထွေထွေမန်နေဂျာ ဦးမောင်မောင်ဝင်းက ဝန်ထမ်းဆိုင်ရာ ဆုတံဆိပ်နှင့် ဆုငွေများ ချီးမြှင့်ခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ပေးအပ်ချီးမြှင့်

ယင်းနောက် ဝန်ကြီးက ၂၀၀၉ ခုနှစ်အတွက် ပြည်သူ့ဝန်ထမ်းကောင်းတံဆိပ်ရရှိသူ ဝန်ထမ်းများကိုယ်စား မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးတင့်လွင်အား လည်းကောင်း၊ ၂၀၀၉ ခုနှစ်အတွက် ပြည်သူ့ဝန်ထမ်းတံဆိပ်ရရှိသူ ဝန်ထမ်းများကိုယ်စား ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်သက်အား လည်းကောင်း ဝန်ထမ်းဆိုင်ရာ ဆုတံဆိပ်နှင့် ဆုငွေများကို ပေးအပ်ချီးမြှင့်သည်။

ရုပ်သိမ်း

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးသိန်းထွန်းက ၂၀၀၉ ခုနှစ်အတွက် ငြိမ်ဝပ်ပိပြားရေးနှင့် တရားဥပဒေစိုးမိုးရေး တံဆိပ်ရရှိသူ ဝန်ထမ်းများကိုယ်စား ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနမှ ဌာနဆိုင်ရာ အကြီးအကဲများအား ဝန်ထမ်းဆိုင်ရာ ဆုတံဆိပ်များကို ပေးအပ်ချီးမြှင့်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဖြည့်ဆည်းပေး

ထို့နောက် ဝန်ကြီးသည် ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် ရတနာပုံတယ်လီပို့ ကုမ္ပဏီလီမိတက်၏ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် ပထမအကြိမ် နှစ်ပတ်လည်အထွေထွေ အစည်းအဝေးသို့ တက်ရောက်၍ အမှာစကားပြောကြားပြီး ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးသည်။

အဆိုပါ အစည်းအဝေးသို့ ဒုတိယဝန်ကြီး ဦးသိန်းထွန်းနှင့် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများ၊ ရတနာပုံတယ်လီပို့ကုမ္ပဏီလီမိတက်မှအမှုဆောင်များ၊ ဒါရိုက်တာ အဖွဲ့ဝင်များ၊ တယ်လီပို့မှ တာဝန်ရှိသူများ၊ ရတနာပုံတယ်လီပို့၌ ရင်းနှီးမြှုပ်နှံကြသည့် လုပ်ငန်းရှင်များ တက်ရောက်ကြသည်။

(သတင်းစဉ်)

လယ်ယာသန်းခေါင်စာရင်းကောက်ယူရေး

ဒေးဒရဲမြို့၌ ဆင့်ပွားသင်တန်းဖွင့်

ဒေးဒရဲ ဖေဖော်ဝါရီ ၅

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနက ဆောင်ရွက်လျက်ရှိသည့် မြန်မာနိုင်ငံလယ်ယာသန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်း၏ မြို့နယ်အဆင့် သင်တန်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၁ ရက်က ဒေးဒရဲမြို့နယ်မြေစာရင်းဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အမှာစကား

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်ရွှေ(**အောက်ပုံ**)က အမှာစကားပြောကြားသည်။

ရှင်းလင်း

ဆက်လက်၍ မြို့နယ်မြေစာရင်းဦးစီးဌာနမှူး ဦးရဲဝင်းထွန်းက စာရင်းကောက်ယူရေးနှင့် စပ်လျဉ်းသည့် လုပ်ငန်းများကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၆-၂-၂၀၁၁ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၅:၀၀	MRTV-4 အဖွင့် Logo ပဋ္ဌာန်းပါဠိတော်+ပရိတ်နိဒါန်း၊ မင်္ဂလသုတ်
၅:၂၀	MRTV-4 သတင်း
၅:၅၀	**ခုဇ္ဇုတ္တရာ တရားတော် (သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ)**
၆:၅၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မင်းအတွက်ဆိုရင်** (အပိုင်း-၆)
၇:၃၀	MRTV-4 သတင်း
၈:၀၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အရိပ်စစ်** (အပိုင်း -၁၂၃)
၈:၃၅	လပြည့်ဝန်းသို့တမ်းချင်းည **Live Show** (Part -7)
၉:၁၅	မင်းလှမြို့နယ်အသင်း(ရန်ကုန်)၏ (၄၈)ကြိမ်မြောက် အသင်းတည်ထောင်ခြင်းရွှေရတုနှစ်ပတ်လည်အခမ်းအနား
၉:၂၅	ပညာအလင်းနှင့်ယုံကြည်မှုတို့ အပ်နှင်းရာ…ပြင်ဦးလွင်စိုးစံမှာ
၉:၄၀	Sunday Talk (တယောဦးတင်ရီ၊ မျိုးမြတ်သူ)
၁၀:၁၅	သုံးစွဲသူများပီတိဖြစ်စေမည့် Delight Trading
၁၀:၂၅	ရေသန့်ဆိုသည်မှာ…
၁၀:၄၀	ဗီဒီယိုပြခန်း
၁၁:၀၀	ဈေးဝယ်လမ်းညွှန် (ရွှေနဂါးဖိနပ်ဆိုင်)
၁၁:၃၀	အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ **(ဟော့ရှော့ -၃)**
၁၂:၀၅	Sports Diary
၁၂:၃၅	ခြေခြေမြစ်မြစ်နှစ်နှစ်ကာကာ ချစ်တဲ့ကာလပေါ်တေးအရသာ (ကိုတင်လှိုင်၏ ဒုတိယတေးတွဲ)
၁:၀၀	**ခုဇ္ဇုတ္တရာ တရားတော် (သီတဂူဆရာတော် ဒေါက်တာ အရှင်ဉာဏိဿရ)**
၂:၀၀	MRTV-4 သတင်း
၂:၂၀	**စကားနပန်း** လျှို့ဝှက်တာ ကောင်းတယ်၊ မလျှို့ဝှက်တာ ကောင်းတယ်
၃:၃၅	Kid's Show
၄:၁၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အရိပ်စစ်** (အပိုင်း- ၁၂၃)
၄:၅၅	အစွမ်းထက်မြက်… မြန်မာ့ဆေးစွမ်းတစ်လက်
၅:၁၅	FMF Selection
၅:၄၅	ကြည်ညိုသဒ္ဓါပွား ဝိဇာတမင်္ဂလာအခမ်းအနား (ဓမ္မဒူတတောရသာသနာ့ရိပ်သာ)
၆:၀၀	MRTV-4 သတင်း
၆:၂၀	Global Panorama (ကိုကိုလှိုင်၊ မျိုးမြတ်သူ)
၆:၄၅	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မင်းအတွက်ဆိုရင်** (အပိုင်း -၇)
၇:၂၅	လပြည့်ဝန်းသို့ တမ်းချင်းည **Live Show** (Part -8)
၈:၀၀	MRTV-4 သတင်း
၈:၃၀	ပြုံးပျော်ကျန်းမာ ကလေးတို့ကမ္ဘာ
၉:၀၀	သွားမယ်စားမယ်
၉:၃၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အရိပ်စစ်** (အပိုင်း -၁၂၄)
၁၀:၁၀	ပန်းချီပြခန်း (SPECTRUM)
၁၀:၂၅	**Barclays Premier League Chelsea Vs Liverpool**
၁၂:၂၅	ဟိုတယ်လမ်းညွှန် (နန်းမြိုင်ဟိုတယ်)
၁၂:၄၀	အနာကြီးရောဂါအကြောင်း သိကောင်းစရာ ဒေါက်တာ ခင်မောင်လွင်၊ ဒေါက်တာကျော်ကျော်
၁:၀၅	SINGAPORE SUNDAY
၁:၂၀	ရလဒ်ကောင်းများနှင့် Organic
၁:၃၀	**ဆန်းသစ်တီထွင် ဒီဇိုင်းဖက်ရှင်** ဒီဇိုင်နာမေမြတ်ဝါဆိုနှင့် တွေ့ဆုံခြင်း
၁:၅၅	လှမ်းခဲ့ပါဆွေ " **မနောမြေ** "
၂:၀၅	ရောင်စုံရသနီယွန်ည
၂:၄၀	မေတ္တာရေအမြင့် တင့်လေသည့်ရွှေကြာ (ထွန်းထွန်း၊ မြတ်ကေသီအောင်၊ စိုးပြည့်သဇင်) ဒါရိုက်တာ-အောင်မိုး(ပဲရစ်)
၂:၅၅	ဒို့တိုင်းဌာနီဧရာဝတီ (ဧရာဝတီတိုင်းဒေသကြီး၏ ဆီထွက်သီးနှံပင်များ)
၃:၃၀	တိရစ္ဆာန်လေးတွေမွေးကြမယ် (Dog Pet Shop)
၃:၅၀	လမ်းညွှန်ပေးစက် GPS
၄:၀၅	မိုးကုတ်မြို့မှ ရိုးရာအစားအစာများနှင့်ဘားနတ်ဈေးသို့ အလည်တစ်ခေါက်
၄:၄၅	သတင်းပေးလို့ဖော် တောင်ငူပဲကြော်၊ ပဲလှော်
၄:၅၀	လှပဆန်းကြယ် မြန်မာ့ရွှေချည်ထည်

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ တောင်ကြီးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Barclays Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၇:၅၅	West Ham- Birmingham	ESPN (Live)
၁၀:၂၅	Chelsea- Liverpool	ESPN (Live)

သတ္တုတွင်းဝန်ကြီးဌာနနှင့် ထူးစက်မှုလုပ်ငန်းစုတို့ ကျောက်မီးသွေး အကြီးစားတူးဖော်ထုတ်လုပ်မှုလုပ်ငန်း

သဘောတူစာချုပ် ချုပ်ဆိုပွဲ အခမ်းအနားကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၅

သတ္တုတွင်းဝန်ကြီးဌာန အမှတ်(၃) သတ္တုတွင်းလုပ်ငန်းနှင့် ထူးအပြည်ပြည်ဆိုင်ရာ စက်မှုလုပ်ငန်းစုကုမ္ပဏီလီမိတက်တို့၏ စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးဝမြို့နယ် သစ်ချောက်ဒေသနှင့် လဘင်ချောင်းဒေသတို့၌ ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားသည့်စနစ်ဖြင့် ကျောက်မီးသွေး အကြီးစားတူးဖော်ထုတ်လုပ်မှုလုပ်ငန်း သဘောတူစာချုပ် လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၄ ရက် ညနေ ၅ နာရီတွင် နေပြည်တော်ရှိ သတ္တုတွင်းဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဦးအုန်းမြင့် တက်ရောက်၍ အဖွင့်အမှာစကားပြောကြားပြီး အမှတ်(၃) သတ္တုတွင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဝင်းထိန်က ကျောက်မီးသွေး အကြီးစားတူးဖော်ထုတ်လုပ်မှုနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

လက်မှတ်ရေးထိုး

ယင်းနောက် ထူးအပြည်ပြည်ဆိုင်ရာ စက်မှုလုပ်ငန်းစုကုမ္ပဏီလီမိတက် ဒုတိယဥက္ကဋ္ဌ ဦးသီဟက ကျေးဇူးတင်စကားပြောကြားပြီး ထူးအပြည်ပြည်ဆိုင်ရာ စက်မှုလုပ်ငန်းစုကုမ္ပဏီလီမိတက်နှင့် အမှတ်(၃) သတ္တုတွင်းလုပ်ငန်းတို့ လုပ်ငန်းသဘောတူစာချုပ်ကို ဦးဆောင်ညွှန်ကြားရေးမှူး ဦးဝင်းထိန်နှင့် ဒုတိယဥက္ကဋ္ဌ ဦးသီဟတို့သည် ဝန်ကြီး၊ ရင်းနှီးမြှုပ်နှံမှုကော်မရှင်နှင့် ရှေ့နေချုပ်ရုံးတို့မှ တာဝန်ရှိသူများ ရှေ့မှောက်၌ လက်မှတ်ရေးထိုး လဲလှယ်ကြသည်။

ပေးအပ်

ထို့နောက် ဝန်ကြီးဦးအုန်းမြင့်က ခွင့်ပြုမိန့်ကို ဒုတိယဥက္ကဋ္ဌ ဦးသီဟအား ပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

(၆၄)နှစ်မြောက် ပြည်ထောင်စုနေ့အကြိုဂုဏ်ပြု ဖွံ့ဖြိုးတိုးတက်မှု (၆၄)နှစ်မြောက် ပြည်ထောင်စုနေ့အကြိုဂုဏ်ပြု ဖွံ့ဖြိုးတိုးတက်မှု

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီလက်ထက် ဖွံ့ဖြိုးတိုးတက်လာသော ကချင်ပြည်နယ်

ခေတ်မီဖွံ့ဖြိုးတိုးတက်စည်ပင် ကချင်ပြည်နယ်တစ်ခွင်

ကချင်ပြည်နယ်သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ မြောက်ဘက်အကျဆုံးအပိုင်းတွင် တည်ရှိပြီး စတုရန်းမိုင်ပေါင်း ၃၄၃၇၉ ဒသမ ၂၂မိုင် ကျယ်ဝန်းသည်။ ကချင်၊ ဗမာ၊ ချင်း၊ ရှမ်း၊ နာဂစသည့် တိုင်းရင်းသားပေါင်းစုံ အေးအတူပူအမျှ အတူတကွစုပေါင်းနေထိုင်ကြသည်။ တောတောင်ထူထပ်သော ပြည်နယ်တစ်ခုဖြစ်ပြီး မြန်မာနိုင်ငံ၏ အမြင့်ဆုံးတောင်ထိပ်များဖြစ်သော ခါကာဘိုရာဇီ ၁၉၂၉၆ ပေနှင့် ဂမ်လန်ရာဇီ ၁၉၁၄၂ ပေစသည့် တောင်ထိပ်များရှိကာ ဆီးနှင်းရေခဲများ အမြဲဖုံးလွှမ်းလျက်ရှိသည်။

အကျယ်ဆုံးလွင်ပြင်များမှာ ချင်းတွင်းမြစ်ဖျားရှိ တနိုင်းခမြစ်ဝှမ်းမှ ဟူးကောင်းချိုင့်ဝှမ်းဒေသ၊ မလိခမြစ်ဝှမ်းရှိ ပူတာအိုလွင်ပြင်၊ မြစ်ကြီးနား၊ ဗန်းမော်နှင့် အင်းတော်ကြီးကန်၊ မိုးကောင်းချောင်း၊ ကောက်ကွေ့ချောင်းပတ်ဝန်းကျင်ဒေသများဖြစ်သည်။ ရေမြေသဘာဝရာသီဥတုကောင်းမွန်ပြီး တွင်းထွက်သယံဇာတများလည်း ပေါများကြွယ်ဝသည့်အတွက် သဘာဝပေး ဆုလာဘ်ကြီးကို ပိုင်ဆိုင်ထားသော ပြည်နယ်တစ်ခုဖြစ်သည်။

နိုင်ငံတော်အစိုးရက ၁၉၈၈ ခုနှစ် နိုင်ငံ့တာဝန်စတင်ယူရချိန်မှစပြီး အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေးကို ဦးစားပေးလုပ်ငန်းစဉ်အဖြစ် သတ်မှတ်လျက် အလေးပေးဆောင်ရွက်ခဲ့သည်။ ၁၉၈၈ ခုနှစ်က ယိုယွင်းပျက်စီးခဲ့သော တိုင်းပြည်ကို ပြန်လည်ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် တည်ငြိမ်အေးချမ်းမှုရှိရေးနှင့် တိုင်းပြည်အတွင်းမှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားပြည်သူများ စည်းလုံးညီညွတ်မှုရှိရေးတို့ကို အင်တိုက်အားတိုက် ဦးစားပေးဆောင်ရွက်ခဲ့သည်။

ယခင်ခေတ်အဆက်ဆက်နှင့်မတူသည့် မူဝါဒများပြောင်းလဲချမှတ်ပြီး တိုင်းရင်းသားပြည်သူတို့၏အကျိုးကို ရေရှည်မျှော်ကိုး၍ အမျိုးသားပြန်လည် စည်းလုံးညီညွတ်မှုရရှိအောင် အစွမ်းကုန်ကြိုးပမ်းဖော်ဆောင်ခဲ့ရာ နိုင်ငံတစ်ဝန်း တည်ငြိမ်အေးချမ်းလာပြီး အထူးသဖြင့် နယ်စပ်ဒေသတိုင်းရင်းသားနယ်မြေများ အဆပေါင်းများစွာ တည်ငြိမ်အေးချမ်းဖွံ့ဖြိုးတိုးတက်ကာ အလှပန်းများ အားရကျေနပ်ဖွယ် ဝေဆာနေသည်ကို အထင်အရှား မြင်တွေ့နေရသည်။

ကချင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်မှုများ

စဉ်	အကြောင်းအရာ	ရေတွက်ပုံ	၁၉၈၈	၂၀၁၀	တိုးတက်မှု
၁	စိုက်ပျိုးမြေဧရိယာ	ဧက	၄၄၃၁၆၀	၈၈၆၇၇၈	၄၄၃၆၁၈
၂	ဆည်တမံ	ခု	၃	၇၀	၆၇
၃	မြစ်ရေတင်လုပ်ငန်း	ခု	-	၅	၅
၄	ကြိုးဝိုင်းတော	စတုရန်းမိုင်	၂၀၀၈	၁၁၁၈၇	၉၁၇၉
၅	ကားလမ်း	မိုင်	၂၁၅၄	၃၆၂၆	၁၄၇၂
၆	ပေ ၁၈၀ အထက်တံတား	စင်း	၂၇	၇၉	၅၂
၇	စာတိုက်စခန်း	ခု	၆၄	၈၃	၁၉
၈	ကြေးနန်းရုံး	ရုံး	၂၀	၃၃	၁၃
၉	တယ်လီဖုန်းရုံး	ရုံး	၁၂	၈၃	၇၁
၁၀	မိုက္ကရိုဝေ့ဗ်စခန်း	ခု	-	၂၄	၂၄
၁၁	ရေအားလျှပ်စစ်စက်ရုံ	ရုံ	၁	၆	၅
၁၂	ပုဂ္ဂလိကစက်ရုံ	ရုံ	၆၀၁	၁၂၀၄	၆၀၃
၁၃	အခြေခံပညာကျောင်း	ကျောင်း	၁၁၇၈	၁၃၁၃	၁၃၅
၁၄	တက္ကသိုလ်၊ ကောလိပ်	ခု	၁	၃	၂
၁၅	နည်းပညာတက္ကသိုလ်၊ ကောလိပ်	ခု	-	၃	၃
၁၆	ကွန်ပျူတာတက္ကသိုလ်	ခု	-	၂	၂
၁၇	ဆေးရုံများ	ရုံ	၃၅	၄၇	၁၂

စာမျက်နှာ ၇ သို့

ကချင်ပြည်နယ်တွင် နိုင်ငံတော်၏ အားပေးမြှင့်တင်မှု၊ ဒေသခံ တိုင်းရင်းသားခေါင်းဆောင်များနှင့် တိုင်းရင်းသားပြည်သူများ တစ်စိတ်တည်း၊ တစ်ဝမ်းတည်း လက်တွဲပူးပေါင်းကြိုးပမ်းအားထုတ်မှုများကြောင့် ကချင်ပြည်နယ်သည် အခြားပြည်နယ်နှင့် တိုင်းဒေသကြီးများနည်းတူ ဘက်စုံဖွံ့ဖြိုး အလှတိုးနေပြီဖြစ်သည်။ နိုင်ငံတော်က တိုင်းရင်းသားပြည်သူတစ်ရပ်လုံး လူမှုစီးပွားရေးဘဝ မြင့်မားတိုးတက်စေရန်အတွက် အားသွန်ခွန်စိုက်ဖော်ဆောင်ပေးခဲ့သည့် ဖွံ့ဖြိုးတိုးတက်မှုအသီးအပွင့်များကို ကချင်ပြည်နယ်မှ ဒေသခံ တိုင်းရင်းသားပြည်သူများလည်း ကိုယ်တိုင်ကိုယ်ကျ လက်တွေ့ခံစားနေကြရပြီဖြစ်သည်။ ။

နည်းပညာတက္ကသိုလ် (မြစ်ကြီးနား)

ဒေသခံတိုင်းရင်းသားလူငယ်များအား နည်းပညာဆိုင်ရာအတတ်ပညာများကို ကျွမ်းကျင်တတ်မြောက်အောင်သင်ကြားကာ ပညာတတ်များဖြစ်လာစေပြီးနောက် နိုင်ငံနှင့် ဒေသအတွင်း ဖွံ့ဖြိုးတိုးတက်အောင် စွမ်းဆောင်နိုင်ကြသူများ ဖြစ်ထွန်းလာစေရေးအတွက် ပြုစုပျိုးထောင်မွေးထုတ်ပေးနေသော အစိုးရနည်းပညာတက္ကသိုလ်(မြစ်ကြီးနား)ကလည်း ကချင်ပြည်နယ်၏ တိုးတက်ဖွံ့ဖြိုးမှုဂုဏ်ဒြပ်ကို ဤသို့ တိုးမြင့်ထင်ဟပ်စေလျက်ရှိသည်။

(၆၄)နှစ်မြောက် ပြည်ထောင်စုနေ့အကြိုဂုဏ်ပြု ဖွံ့ဖြိုးတိုးတက်မှု
(၆၄)နှစ်မြောက် ပြည်ထောင်စုနေ့အကြိုဂုဏ်ပြု ဖွံ့ဖြိုးတိုးတက်မှု

စာမျက်နှာ ၆ မှ

ကချင်ပြည်နယ် မိုးမောက်မြို့နယ်၌ နှစ်စဉ် လျှပ်စစ်ဓာတ်အားကီလိုဝပ် နာရီသန်းပေါင်း ၁၀၆၅ ထုတ်လုပ်ပေးနိုင်မည့် တာပိန် (၁) ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံကို ဤသို့ တွေ့ရသည်။

ကချင်ပြည်နယ်အတွင်း ဒေသခံတိုင်းရင်းသားပြည်သူများ ခရီးသွားလာရေးနှင့် ကုန်စည်စီးဆင်းမှု သွက်လက်မြန်ဆန်ရေးတို့အတွက် ကတ္တရာခင်း အဝေးပြေးလမ်း ကားလမ်းမကြီးများကို လက်ယှက်ထိုး ဖောက်လုပ်ပေးလျက်ရှိရာ ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပေးနေသည့် မြစ်ကြီးနား-ဝိုင်းမော်-ဆဒုံး-ကန်ပိုက်တီး ကားလမ်းကြီးကို ဤသို့ တွေ့ရသည်။

ကချင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်ဆောင်ရွက်သွားမည့် စီမံကိန်းများ

စဉ်	အကြောင်းအရာ	တည်နေရာ	မှတ်ချက်
၁	**စိုက်ပျိုးရေး**		
	(က) ပေါင်းနက်ရေလှောင်တမံစီမံကိန်း	ရွှေကူမြို့နယ်	အကျိုးပြုဧက ၅၀၀၀
	(ခ) တာလီရေလွှဲဆည်	မိုးမောက်မြို့နယ်	အကျိုးပြုဧက ၃၄၈၆
၂	**ကသာ-ဗန်းမော်ရထားလမ်းဖောက်လုပ်ရေး စီမံကိန်းမှ တည်ဆောက်ဆဲ ဧရာဝတီ(စင်းခန်း)တံတား**	ဗန်းမော်မြို့နယ်	(က) ပင်မတံတားအရှည် (၃၂၁၅)ပေ (ခ) ကားတံတားအရှည် ပေ (၄၆၃၀) (ဂ) မီးရထားတံတားအရှည် ပေ (၅၅၁၀)
၃	**ရထားလမ်း**		
	- ဗန်းမော်-စင်းခန်းရထားလမ်းပိုင်း	ဗန်းမော်မြို့နယ်	မိုင် (၃၀)
၄	**ဘူတာ**		
	- ဗန်းမော်ဘူတာ၊ မန်ရွှတ်ဘူတာ၊ မန်စီဘူတာ၊ ရေရှူးမန်ခန်ဘူတာ၊ ဟန်ထက်ဘူတာ၊ မြလယ်ဘူတာ၊ စင်းခန်းဘူတာ	ဗန်းမော်မြို့နယ်	ဗန်းမော်-စင်းခန်း ရထားလမ်းပိုင်း
၅	**ဆက်သွယ်ရေး**		
	(က) CDMA/GSM မိုဘိုင်းလ်ဖုန်း	မြစ်ကြီးနား၊ လွယ်ဂျယ်	မြစ်ကြီးနားမြို့နယ်၊ ဆယ်မိုင်ကျေးရွာ
	(ခ) GSM မိုဘိုင်းလ်ဖုန်း	မြစ်ကြီးနား၊ ဝိုင်းမော်	မြစ်ကြီးနားမြို့နယ်၊ စက်မှုဇုန်
၆	**လျှပ်စစ်စွမ်းအား**		
	(က) မြစ်ဆုံရေအားလျှပ်စစ်စီမံကိန်း (တည်ဆောက်ဆဲ)	မြစ်ကြီးနား	မဂ္ဂါဝပ် ၆၀၀၀
	(ခ) ချီဖွေငယ်ရေအားလျှပ်စစ်စီမံကိန်း (တည်ဆောက်ဆဲ)	ချီဖွေမြို့နယ်	၉၉ မဂ္ဂါဝပ်
	(ဂ) ချီဖွေကြီးရေအားလျှပ်စစ်စီမံကိန်း (တည်ဆောက်ဆဲ)	ချီဖွေမြို့နယ်	မဂ္ဂါဝပ် ၃၄၀၀

ဝါရာဇွပ်တံတား အမှတ်(၂)

မြစ်ကြီးနား-နမ္မတီး-တနိုင်းလမ်းပိုင်းရှိ ဝါရာဇွပ်တံတား အမှတ်(၂)ကို တွေ့ရစဉ်။

အားကောင်းမောင်းသန် ခြေလှမ်းမှန်စွာ ဒီမိုကရေစီကျင့်စဉ်နှင့်အညီသာ

ကျော်ရဲမင်း



လွှတ်တော်အစည်းအဝေးများကို ခမ်းခမ်းနားနား စုံစုံညီညီ အောင်အောင်မြင်မြင် ကျင်းပနေကြသည်များကို နေ့စဉ် တွေ့မြင်ကြားသိနေရသည်။ နေပြည်တော်ရှိ ခမ်းနားထည်ဝါလှသောလွှတ်တော်အဆောက်အအုံကြီးထဲတွင် သက်ဆိုင်ရာ လွှတ်တော်ခန်းမများအလိုက် ကျင်းပနေကြသည်။ တိုင်းရင်းသားစုံ လွှတ်တော်ကိုယ်စားလှယ်များ စုံစုံညီညီ သိုက်သိုက်ဝန်းဝန်း တက်ရောက်ဆွေးနွေးဆုံးဖြတ်ဆောင်ရွက်နေကြသည်။ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်များကိုလည်း ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် စနစ်တကျ အောင်အောင်မြင်မြင် ကျင်းပဆောင်ရွက်နေကြသည်။ ဤသည်မှာ ဒီမိုကရေစီရွှေတံခါးကြီးဆီသို့ လွှတ်တော်နည်းလမ်းအတိုင်း ချောမောအောင်မြင်စွာ ချဉ်းကပ်လှမ်းဝင်နေခြင်းဖြစ်သည်ဟု ဆိုနိုင်သည်။

နိုင်ငံတော်၏ လမ်းပြမြေပုံ (၇)ရပ်အနက် ယခု အဆင့်(၆)နှင့် အဆင့်(၇)ကို ဆက်တိုက်ဆိုသလို ဖြတ်သန်းနေခြင်းဖြစ်သည်။ အဆင့်(၆)နှင့် အဆင့်(၇)သည် အခြေခံဥပဒေလမ်းကြောင်းအတိုင်း၊ လွှတ်တော်နည်းလမ်းအတိုင်းသွားပါက ဝေးမယောင်နှင့် နီးသောခရီးဖြစ်လာမည်။ ထို့ကြောင့် ယနေ့ကာလသည် ယခုလက်ရှိ နိုင်ငံရေးချဉ်းကပ်ရာလမ်းကြောင်းအတိုင်း တိုင်းရင်းသားအားလုံးပါဝင်လျက် လမ်းပြမြေပုံ အဆင့်(၆)နှင့် အဆင့်(၇)ကို ရှေ့ဆင့်နောက်ဆင့် ဖြတ်သန်းနေချိန်ဖြစ်သည်ဟု ဆိုရခြင်းဖြစ်သည်။

လွှတ်တော်များကို အခြေခံဥပဒေနှင့်အညီ ခေါ်ယူကျင်းပခြင်းဖြစ်သကဲ့သို့ လွှတ်တော်များကြောင့်လည်း အခြေခံဥပဒေသည် အသက်ဝင်ခဲ့ပြီဖြစ်သည်။ ပြည်ထောင်စုလွှတ်တော် ပထမအကြိမ် အစည်းအဝေးကို ၃၁-၁-၂၀၁၁ ရက်နေ့ မွန်းလွဲပိုင်း၌ စတင်ကျင်းပနိုင်ခဲ့ရာ ၄င်းနေ့မှစ၍ အခြေခံဥပဒေသည် နိုင်ငံတော်တစ်ဝန်းလုံး၌ အာဏာတည်ခဲ့ပေပြီ။ အခြေခံဥပဒေ အာဏာတည်ပြီးဖြစ်ရာ နိုင်ငံနှင့် ပြည်သူတို့၏ အရေးအရာမှန်သမျှသည် အခြေခံဥပဒေနှင့်အညီသာ ဖြစ်ကြရပေတော့မည်။

ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် ပြည်ထောင်စုလွှတ်တော်များ ကျင်းပကြပုံများကို မြန်မာ့ရုပ်သံမှ စောင့်ကြည့်ဖြစ်သည်။ စိတ်ဝင်တစား မပျက်မကွက် ကြည့်ဖြစ်သည်က များသည်။ ခေတ်သစ်၊ စနစ်သစ်၊ နိုင်ငံသစ်တစ်ခု၏ အစခရီးကို ဘယ်လိုခြေလှမ်းကြမလဲဆိုသည်ကို စိတ်ဝင်တစားရှိလှသည်။

လွှတ်တော်များမှာ တိုင်းရင်းသားစုံ ပါဝင်တက်ရောက်နေကြသည်။ ရိုးရာတိုင်းရင်းသားဝတ်စုံများကို ဂုဏ်ယူစွာ ဆင်မြန်းလျက် တင့်တယ်ထည်ဝါစွာ လက်တွဲပါဝင်နေကြသည်။ တပ်မတော်သားကိုယ်စားလှယ်များကိုလည်း ယူနီဖောင်းများနှင့်တွေ့ရသည်။ ကိုယ့်မြို့ကိုယ့်ဒေသမှ ကိုယ်စားလှယ်များကိုလည်း ရုပ်သံဖန်သားပြင်မှာ တွေ့ရတတ်သေးသည်။ တိုင်းရင်းသားစုံ၊ လူမျိုးစုံ၊ အသက်အရွယ်စုံ၊ အလုပ်အကိုင်မျိုးစုံ၊ နယ်ပယ်စုံမှဖြစ်သော်လည်း ပြည်သူ့ကိုယ်စားလှယ်များပေမို့ ရင့်ကျက်မှုနှင့် ပြည့်ဝမှုကိုယ်စီ တွေ့မြင်နေရသည်။ ထိုသို့ ရင့်ကျက်ပြည့်ဝမှုရှိသူများပေမို့လည်း ဆိုင်ရာဒေသများက ပြည်သူတို့၏ ယုံကြည်ကိုးစားမှု၊ ကိုယ်စားတာဝန်လွှဲအပ်မှုကို ဆောင်ယူလာနိုင်ကြသူများ ဖြစ်ခဲ့ကြသည်ပင်။ မည်သို့ဆိုစေ လွှတ်တော်များသည် ပြည်ထောင်စုကြီးတစ်ခုလုံး၊ ပြည်ထောင်စုသားအားလုံးကို ကိုယ်စားပြုသည့် ပြည်သူ့ကိုယ်စားလှယ်များ စုံညီစုဝေးပြီး နိုင်ငံ့အရေး၊ ပြည်သူ့အရေးကိစ္စများကို တိုင်ပင်ဆွေးနွေးအဖြေရှာရာ ပြည်သူ့ဗိမာန်ဖြစ်သည်ကို မမေ့အပ်။

ဤသည်ကိုပင် မလိုသူတို့က လွှတ်တော်ကိုယ်စားလှယ်များအားလုံးကို လက်ညှိုးထောင် ခေါင်းညိတ်အဆင့်သာရှိသူများအဖြစ် အမနာပ သမုတ်ကြသေးသည်။ လက်ခုပ်တီးရုံသက်သက် လွှတ်တော်တက်ကြသူများအဖြစ် အပုပ်ချကြသေးသည်။ ဤသည်မှာ ကိုယ်လက်လှမ်းမမီသည့် အသီးပေမို့ ဖွတ်အတင်း ချဉ်နေကြခြင်းသာဖြစ်၏။ မစားရတဲ့အမဲ သဲနှင့်ပက်ကြခြင်းသာဖြစ်၏။

ပြောခဲ့ပြီးပါပြီ။ ကိုယ်စားလှယ်တော်ကြီးများသည် သက်ဆိုင်ရာဒေသခံ ပြည်သူများ၏ ယုံကြည်ကိုးစားမှု၊ ကိုယ်စားတာဝန်လွှဲအပ်မှုကို အသီးသီးခံယူရရှိခဲ့ကြသူများပါပေ။ ဆိုင်ရာဆိုင်ရာ အရည်အချင်း၊ အရည်အသွေးများနှင့်ပြည့်စုံ၍သာ၊ ယုံကြည်ကိုးစားထိုက်သည့် ရင့်ကျက်ပြည့်ဝမှုရှိသောကြောင့်သာ ပြည်သူက ထောက်ခံရွေးချယ်ခဲ့ကြခြင်း မဟုတ်ပါလား။ ဘာပဲပြောပြော ပြည်သူက သိပါသည်။ ပြည်သူက နားလည်ပါသည်။ ဘာအရည်အချင်းမျှ လက်ဆုပ်လက်ကိုင်မရှိဘဲ တောပြောတောင်ပြော တစ်ရာ့ကိုး တစ်ရာ့တစ်ဆယ်များကို ဘယ်ရွေးပါလိမ့်မလဲ။ ဘယ်ထောက်ခံပါလိမ့်မလဲ။ ပြည်သူက ဒီမိုကရေစီနည်းလမ်းတကျ အဆုံးအဖြတ်ပေးခဲ့ပြီးပြီ။ ဒါကို နားလည်သင့်ကြသည်။ နားမလည်နိုင်သေးတောင်မှ ပြည်သူ့ကိုယ်စားလှယ်များကို ဒီလိုသိမ်းကျုံးပြီး ပုတ်ခတ်ထိပါးခြင်းမျိုး မလုပ်ကောင်း၊ မလုပ်သင့်။ ပြည်သူ့ကိုယ်စားလှယ်များကို ပုတ်ခတ်ခြင်းသည် ၄င်းတို့ကိုရွေးချယ်တာဝန်အပ်နှင်းလိုက်သည့် ပြည်သူကိုပါ ထိပါးစော်ကားခြင်းဖြစ်သည်။ စကားတစ်ခွန်း၏ သက်ရောက်မှုအတိုင်း အရှည်ကိုသိသင့်သည်၊ နှုတ်ကိုဆင်ခြင်စောင့်စည်းသင့်သည်။

လွှတ်တော်များ၌ သဘာပတိများရွေးကြသည်။ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများ ရွေးကြ မြှောက်ကြသည်။ ဒုတိယသမ္မတများ၊ နိုင်ငံတော်သမ္မတများ ရွေးကြ မြှောက်ကြသည်။ သဘာပတိလောင်း၊ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌလောင်း၊ ဒုတိယသမ္မတလောင်းများ တင်သွင်းကြရာ၌ **အဆိုတင်သွင်းသူ၊ ထောက်ခံသူ စသည်ဖြင့် စနစ်တကျ တိုင်ပင်ညှိနှိုင်းတင်သွင်းကြသည်။ အဆိုတင်သွင်းခံရသည့် ပုဂ္ဂိုလ်များမှာလည်း တစ်ဦးတည်းပြိုင်ဘက်ကင်း အနေအထားမျိုးမဟုတ်ကြဘဲ နှစ်ဦး၊ သုံးဦး၊ လေးဦး စသည်ဖြင့် ဒီမိုကရေစီ နည်းလမ်းတကျ လွတ်လပ်စွာ ပြိုင်ဆိုင်မှုကို တွေ့နိုင်သည်။ ကရင်ကိုယ်စားလှယ်ကို ဗမာကိုယ်စားလှယ်နှင့် ရှမ်းကိုယ်စားလှယ်တို့က ပူးတွဲအဆိုတင်သွင်းပြီး ရခိုင်ကိုယ်စားလှယ်က ထောက်ခံသည်လည်းရှိသည်။ ရှမ်းကိုယ်စားလှယ်ကို မွန်ကိုယ်စားလှယ်က အဆိုတင်သွင်းပြီး ကယားကိုယ်စားလှယ်က ထောက်ခံသည်လည်း တွေ့ရသည်။ ကိုယ်စားလှယ်တစ်ဦးစီ၏ အမြင်၊ သဘောထား၊ ဆန္ဒများအလျောက် နှစ်သက်သလို လွတ်လပ်စွာ အဆိုပြု၊ ထောက်ခံတင်သွင်းနေကြပုံများက ဒီမိုကရေစီအနှစ်သာရကို စတင်အသွင်ယူဆောင်လာခဲ့ပြီဟုဆိုနိုင်သကဲ့သို့ ပြည်ထောင်စုတစ်ခု၏ တိုင်းရင်းသားချင်း အပြန်အလှန် ယုံကြည်သက်ဝင်ချစ်ခင်မှုများကိုလည်း အထင်အရှားဖော်ညွှန်းနေသည်ဟု ဆိုနိုင်သည်။**

ထို့နောက် အဆိုတင်သွင်းခံရသူများ တစ်ယောက်ထက်ပိုနေသည့်အခါ ကိုယ်စားလှယ်အားလုံးက ဆန္ဒမဲပေးရွေးချယ်ကြရပြန်သည်။ လျှို့ဝှက်ဆန္ဒမဲပေးမှုရှိသကဲ့သို့ ဖြောင်ဆန္ဒမဲပေးမှုကိုလည်း မြင်တွေ့ရသည်။ ဒီမိုကရေစီနည်းလမ်းတကျ အများ၏ဆန္ဒကို အတည်ယူခြင်းဖြစ်ရာ သဘောထားကွဲလွဲမှုရှိနိုင်သော်လည်း အများစု၏ဆန္ဒကို အနည်းစုက လိုက်နာရခြင်းဟူသည့် ဒီမိုကရေစီ၏ အနှစ်သာရကို အထင်အရှား တွေ့မြင်ရသည်။

သို့သော် မလိုသူတွေအဖို့မှာတော့ အပြစ်ဖို့စရာတွေက ကုန်ပဲမကုန်နိုင်ပြန်။ လွှတ်တော်များ၌ ကိုယ်စားလှယ်အများစု အနိုင်ရထားသည့်ပါတီနှင့် တပ်မတော်သား ၂၅ ရာခိုင်နှုန်းတို့ကိုပင် နည်းလမ်းမျိုးစုံ အပေါင်း အနုတ် အမြှောက် အစားလုပ်လျက် ကျန်ကိုယ်စားလှယ်လူနည်းစုပါတီများအနေဖြင့် ဘာလုပ်ပိုင်ခွင့်၊ ဘာဆုံးဖြတ်ပိုင်ခွင့်မျှ မရနိုင်ဟု စကားနာထိုးကြပြန်သည်။ အမှန်မှာ ယနေ့နိုင်ငံသည် ဒီမိုကရေစီကိုသွားနေပြီဆိုသည်ကို မမေ့သင့်။ ဒီမိုကရေစီကိုလိုချင်လျှင်၊ ဒီမိုကရေစီကို ရွေးချယ်လျှင် ဒီမိုကရေစီကျင့်စဉ်ကို ပစ်ပယ်၍ ဘယ်လိုမှ မရစကောင်း။ ရေတတ်သီးစားချင်လျှင် ပူစပ်ပူလောင်ဖြစ်တာကိုတော့ သည်းခံရမည်သာ။ ဒီတော့ လွှတ်တော်ထဲ၌ ကိုယ်တိုင်ထိုင်နေကြသည့် ကိုယ်စားလှယ်များက ဘာမှမဟုတ်ပါဘဲလျက် ဘေးထိုင်ဘုပြောအုပ်စုက ဤသို့ ဝေဖန်လေကန်နေသည်မှာ ဒီမိုကရေစီကျင့်စဉ်ကိုပါ လက်မခံလိုရာရောက်သည်။ ဒီမိုကရေစီ၏ အနှစ်သာရကို ပစ်ပယ်ဘေးတွန်းပို့ရာ ကျနေသည်။

အမှန်မှာ အနည်းစုသည်လည်း အနည်း
သည်ပင်။ ဖန်ခွက်ထဲမှာ ရေတစ်ဝက်ရှိနေခြင်
အဆပေါင်းများစွာ ပိုကောင်းသည်ဟု ရှုမြင်
သူ့အုပ်စုကိုယ့်အုပ်စု အင်အားထက် အမျိုးသ
ပြည်သူ၏မျက်နှာက ပိုအရေးကြီးသည်။ ကို
ယခင်က သက်ဆိုင်ရာပါတီ၊ အဖွဲ့အစည်းက
မှန်သော်လည်း လွှတ်တော်ထဲရောက်နေပြီဖြစ်
အဖွဲ့အစည်းစွဲ၊ အုပ်စုစွဲများကို ခေတ္တခွာချထာ
ပုဂ္ဂိုလ်ရေး၊ ပါတီရေးထက် နိုင်ငံ့အရေး၊
ပေးကြရတော့မည်ဖြစ်သည်။ နိုင်ငံ့အရေး၊
အမျိုးသားအကျိုးစီးပွားအရေးကို တည့်
ပါတီကွဲပြားသည့်ပြဿနာမရှိ၊ အုပ်စုပြဿ
အများစုဟူသည် သာ၍ပင်မရှိ။ နိုင်ငံနှင့်ပြ
သော သစ္စာတရားဖြင့် ဖြောင့်မတ်မှန်ကန်စွာ
ကြသည်။ အားလုံးသည် တစ်သားတည်းဖြ
ကြရာ၌လည်း အနည်းစု၏ဆန္ဒကို အလေးထ
လိုက်နာရသည့် ဒီမိုကရေစီကျင့်စဉ်အတိုင်
ဤသည်မှာ ပြီးပြည့်စုံနေသောလုပ်ငန်းစဉ်
ဟာကွက်မရှိ။

**အချို့ကလည်း လွှတ်တော်သစ်ခေါ်ယူ
သည် ယနေ့နိုင်ငံရေးပြဿနာများနှင့် အမျိုးသ
ဖြေရှင်းနိုင်သည့် အခင်းအကျင်းမဟုတ်သေးဟု
သူတို့ဆိုလိုသည့် နိုင်ငံရေးပြဿနာဟူသည်မှ
ပြဿနာသာဖြစ်သည်။ ယနေ့လက်ရှိ အစိုး
နောင်ပေါ်ပေါက်လာတော့မည့် အစိုးရအ
နိုင်ငံရေးပြဿနာဟူ၍ ပြောပလောက်အောင်
အတိုင်းသွားလျှင် လမ်းကဖြူးဖြောင့်နေသ
အုပ်စု၏ ကဖျက်ယဖျက်လုပ်ရပ်များက ဆ
သာရှိမည်။ ဒါကို တစ်ဆိတ်တစ်အိတ်
သိပ် မှုမမှန်လှ။ အလားတူ အမျိုးသားစည်း
ရပ်တည်ချက်အောက်မှာ လက်ရှိအစိုးရလုပ်
မဟုတ်တောင် အတော်အောင်မြင်သည်ဟု
တကယ် ရင်ကြားမစေ့နိုင်သေးသူများမှာ
ပမာဏသာဖြစ်ပြီး ဤသည်မှာလည်း ထိုသူ
သာဖြစ်သည်။ လွှတ်တော်နှင့်အတူ ပေါ်ပေါက်
ဤကိစ္စကို ဆက်လက်ကိုင်တွယ်ဖြေရှင်းသွာ
အတွက် ပြည်သူအများစုကြီး၏ခရီးကို ရ
လှည့်ဖို့ဆိုသည်မှာ ပို၍ပင် ဝေးလွန်းလှသ
ပေါက်ကြရမည်။**

ရင်ကြားစေ့ရေး အသံကောင်းဟစ်၍
ဖို့ကြိုးစားလာခြင်းမှာ ပို၍ဆိုးသည်။ နိုင်ငံ့လွှ
ပါသည့်အခန်းကဏ္ဍမှပါဝင်ခဲ့သည့် ပင်လုံ
မရိုးမသားလုပ်ကြောင်း ပေါ်လွင်နေသည့်
ကန်ရေပြင်ကို ခဲနှင့်ပေါက်၍ အားမရသဖြ
ကြံစည်နေကြောင်း သိသာလှသည်။ စင်စစ် ဤ

**လွှတ်တော်များကို အခြေခံဥပဒေနှင့်အညီ ခေါ်ယူကျင်းပခြင်းဖြစ်
လွှတ်တော်များကြောင့်လည်း အခြေခံဥပဒေသည် အသက်ဝင်ခဲ့ပြီဖြ
ပြည်ထောင်စုလွှတ်တော် ပထမအကြိမ် အစည်းအဝေးကို ၃၁-၁-၂၀၁၁
မွန်းလွဲပိုင်း၌ စတင်ကျင်းပနိုင်ခဲ့ရာ ၄င်းနေ့မှစ၍ အခြေခံဥပဒေသည် နို
တစ်ဝန်းလုံး၌ အာဏာတည်ခဲ့ပေပြီ။ အခြေခံဥပဒေ အာဏာတည်ပြ
နိုင်ငံနှင့် ပြည်သူတို့၏ အရေးအရာမှန်သမျှသည် အခြေခံဥပဒေနှင့်အ
ဖြစ်ကြရပေတော့မည်။**

အမှန်မှာ အနည်းစုသည်လည်း အနည်းစုအလျောက် အရာရောက်သည်ပင်။ ဖန်ခွက်ထဲမှာ ရေတစ်ဝက်ရှိနေခြင်းက ဘာမျှမရှိသည်ထက် အဆပေါင်းများစွာ ပိုကောင်းသည်ဟု ရှုမြင်သင့်သည်။ အနည်းအများ၊ သူ့အုပ်စုကိုယ့်အုပ်စု အင်အားထက် အမျိုးသားအကျိုးစီးပွား၊ နိုင်ငံနှင့်ပြည်သူ၏မျက်နှာက ပိုအရေးကြီးသည်။ ကိုယ်စားလှယ်အားလုံးသည် ယခင်က သက်ဆိုင်ရာပါတီ၊ အဖွဲ့အစည်းကို ကိုယ်စားပြုခဲ့ကြသည်မှန်သော်လည်း လွှတ်တော်ထဲရောက်နေပြီဖြစ်သော ယခုအချိန်၌ ပါတီစွဲ၊ အဖွဲ့အစည်းစွဲ၊ အုပ်စုစွဲများကို ခေတ္တခွာချထားခဲ့ကြရမည်သာဖြစ်သည်။ ပုဂ္ဂိုလ်ရေး၊ ပါတီရေးထက် နိုင်ငံ့အရေး၊ ပြည်သူ့အရေးကို ဦးစားပေးကြရတော့မည်ဖြစ်သည်။ နိုင်ငံ့အရေး၊ ပြည်သူ့အရေး၊ တစ်နည်း အမျိုးသားအကျိုးစီးပွားအရေးကို တည့်တည့်ရှုသူတိုင်းအတွက် ပါတီကွဲပြားသည့်ပြဿနာမရှိ၊ အုပ်စုပြဿနာလည်း မရှိ။ အနည်းစု၊ အများစုဟူသည် သာ၍ပင်မရှိ။ နိုင်ငံနှင့်ပြည်သူအတွက် တည်ကြည်သော သစ္စာတရားဖြင့် ဖြောင့်မတ်မှန်ကန်စွာ ညှိနှိုင်းဆွေးနွေးဆောင်ရွက်ကြသည်။ အားလုံးသည် တစ်သားတည်းဖြစ်နေသည်။ မဲခွဲဆုံးဖြတ်ကြရာ၌လည်း အနည်းစု၏ဆန္ဒကို အလေးထားပြီး အများစု၏ဆန္ဒကို လိုက်နာရသည့် ဒီမိုကရေစီကျင့်စဉ်အတိုင်း ဆောင်ရွက်ကြသည်။ ဤသည်မှာ ပြီးပြည့်စုံနေသောလုပ်ငန်းစဉ် ပရောဆက်ဖြစ်သည်။ ဟာကွက်မရှိ။

အချို့ကလည်း လွှတ်တော်သစ်ခေါ်ယူပြီး အစိုးရသစ်ဖွဲ့စည်းခြင်းသည် ယနေ့နိုင်ငံရေးပြဿနာများနှင့် အမျိုးသားရင်ကြားစေ့ရေးကိစ္စကို ဖြေရှင်းနိုင်သည့် အခင်းအကျင်းမဟုတ်သေးဟု စောဒကတက်ကြသည်။ သူတို့ဆိုလိုသည့် နိုင်ငံရေးပြဿနာဟူသည်မှာ ဆန့်ကျင်ဘက်အုပ်စု၏ ပြဿနာသာဖြစ်သည်။ ယနေ့လက်ရှိ အစိုးရဘက်၌လည်းကောင်း၊ နောင်ပေါ်ပေါက်လာတော့မည့် အစိုးရအဖွဲ့သစ်၌ လည်းကောင်း နိုင်ငံရေးပြဿနာဟူ၍ ပြောပလောက်အောင်မရှိ။ လမ်းပြမြေပုံ(၇)ချက်အတိုင်းသွားလျှင် လမ်းကဖြူးဖြောင့်နေသည်။ လက်တစ်ဆုပ်စာ အုပ်စု၏ ကဖျက်ယဖျက်လုပ်ရပ်များက ဆင်ကို ခြင်ကိုက်သလောက်သာရှိမည်။ ဒါကို တစ်ဆိတ်တစ်အိတ်လုပ်ပြီး ပြောနေခြင်းမှာ သိပ်မှုမမှန်လှ။ အလားတူ အမျိုးသားစည်းလုံးညီညွတ်ရေး ဟူသည့် ရပ်တည်ချက်အောက်မှာ လက်ရှိအစိုးရလုပ်ထားသမျှက ရာနှုန်းပြည့်မဟုတ်တောင် အတော်အောင်မြင်သည်ဟု ဆိုနိုင်သည်။ တကယ့်တကယ် ရင်ကြားမစေ့နိုင်သေးသူများမှာ လက်ချိုးရေတွက်၍ရသည့် ပမာဏသာဖြစ်ပြီး ဤသည်မှာလည်း ထိုသူများ၏ ကိုယ်ပိုင်ပြဿနာသာဖြစ်သည်။ လွှတ်တော်နှင့်အတူ ပေါ်ပေါက်လာမည့် အစိုးရအဖွဲ့သစ်က ဤကိစ္စကို ဆက်လက်ကိုင်တွယ်ဖြေရှင်းသွားရုံသာရှိသည်။ လူနည်းစုအတွက် ပြည်သူအများစုကြီး၏ခရီးကို ရပ်တန့်၍မရ၊ နောက်ပြန်လှည့်ဖို့ဆိုသည်မှာ ပို၍ပင် ဝေးလွန်းလှသည်။ ဤသည်ကို သဘောပေါက်ကြရမည်။

ရင်ကြားစေ့ရေး အသံကောင်းဟစ်၍ ဒုတိယပင်လုံကို ပွဲထုတ်ဖို့ကြိုးစားလာခြင်းမှာ ပို၍ဆိုးသည်။ နိုင်ငံ့လွတ်လပ်ရေးအတွက် အရေးပါသည့်အခန်းကဏ္ဍမှပါဝင်ခဲ့သည့် ပင်လုံစာချုပ်၏ အရိပ်ကိုခိုပြီး မရိုးမသားလုပ်ကြောင်း ပေါ်လွင်နေသည့်အပြင် ငြိမ်သက်နေသည့် ကန်ရေပြင်ကို ခဲနှင့်ပေါက်၍ အားမရသဖြင့် ဗုံးခွဲ၊ မိုင်းခွဲရန်အထိ ကြံစည်နေကြောင်း သိသာလှသည်။ စင်စစ် ဤသည်မှာ ဘယ်သူသေသေ ငတေမာရင်ပြီးရော စိတ်ဓာတ်ရှိသူ ပုဆိန်ရိုးတို့၏ အဖျက်စေတနာ၊ အဖျက်အကြံအစည်သာ ဖြစ်သည်။

မကြာမီ အုပ်ချုပ်ရေး၊ ဥပဒေပြုရေး၊ တရားစီရင်ရေးမဏ္ဍိုင်များ တစ်ဆက်တည်း ပေါ်ထွန်းလာတော့မည်။ ကိုယ့်ကဏ္ဍနှင့်ကိုယ် နိုင်နင်းစွာ ထိန်းသိမ်းဆောင်ရွက်ကြရင်း အပြန်အလှန်ထိန်းကျောင်းမှုများ ရှိလာမည်။ ဟန်ချက်ညီမှုကို တည်ဆောက်ယူကြမည်။ အခြေခံဥပဒေလည်း အာဏာတည်ပြီ။ ပြည်သူတိုင်း အခြေခံဥပဒေပါ အခွင့်အရေးနှင့် တာဝန်များရှိလာကြမည်။ ခံစားရသည်ရှိသလို တာဝန်ယူစောင့်ထိန်းကြရသည်များလည်း ပါလာမည်။ အခွင့်အရေးနှင့် တာဝန်သည် ဒင်္ဂါးပြား၏ ခေါင်းနှင့် ပန်းပမာ ကပ်လျက်ရှိသည်ကို သတိမူကြရမည်။

ဤသို့သော အခြေအနေမျိုး၌ မလိုသူတွေပြောစကား နားယောင်နေ၍မဖြစ်၊ သိကြားမင်းဖန်ဆင်းသည့်နွားကိုပင် ချိုကားသည်ဟု အပြစ်မြင်တတ်သော သဘောမနောမျိုး သူတို့မှာ အပြည့်ရှိနေသည်ကို နားလည်ထားကြရမည်။ ပါးစပ်က ဒီမိုကရေစီကို တဖွဖွရွတ်နေသော်လည်း သူတို့အကျိုးစီးပွားကို ထိခိုက်နိုင်သည့် သူတို့အကျိုးစီးပွားနှင့် ဆန့်ကျင်သည့် ဒီမိုကရေစီမျိုးကိုမူ ပုတ်ခတ်ဝေဖန် လက်မခံလိုသော သဘောထားမျိုးမှာ အန္တရာယ်ကြီးလှသည်။ ဒီမိုကရေစီကို ချစ်သည်ထက် ကိုယ့်အတ္တကို ပိုချစ်နေခြင်းပင်ဖြစ်သည်။

စင်စစ် လွှတ်တော်များသည် ပြည်သူတိုင်း ကြိုဆိုကြရမည့် နိုင်ငံရေးခြေလှမ်းသစ်များဖြစ်သည်။ လမ်းပြမြေပုံ(၇)ချက်၏ နောက်ဆုံးပန်းဝင်မည့် ခြေလှမ်းများဖြစ်သည်။ ဤအချိန်မျိုး၌ အားကောင်းမောင်းသန် ခြေလှမ်းမှန်မှန်ဖြင့် စွမ်းအားမြှင့် အရှိန်တင်နိုင်ဖို့ အရေးကြီးသည်။ ထို့ကြောင့် ကျင်းပလျက်ရှိသည့် လွှတ်တော်များမှသည် အနာဂတ်၌ ဒီမိုကရေစီနည်းလမ်းတကျ ဆောင်ရွက်မှုများဖြင့် နိုင်ငံနှင့် ပြည်သူကို ဒီမိုကရေစီနိုင်ငံ၊ ဒီမိုကရေစီပြည်သူများ ဖြစ်လာအောင် ပြည်သူအားလုံး လက်တွဲပါဝင်လျက် ပုံဖော်တည်ဆောက်သွားကြရမည်သာဖြစ်သည်။ ။

ါယူကျင်းပခြင်းဖြစ်သကဲ့သို့
ည့် အသက်ဝင်ခဲ့ပြီဖြစ်သည်။
ဝေးကို ၃၁-၁-၂၀၁၁ ရက်နေ့
အခြေခံဥပဒေသည် နိုင်ငံတော်
ပဒေ အာဏာတည်ပြီးဖြစ်ရာ
ဲ့ အခြေခံဥပဒေနှင့်အညီသာ

ညီညွတ်ခြင်းဖြင့်သာ

* သည်းခံခြင်းဖြင့်...
အငြင်းသန်ကြ၊ ခင်းရန်စကို
ကြွင်းပမချန်၊ မေတ္တာသန်၍
ဖြောင့်မှန်မွန်မြတ်၊ ငြိမ်းအေးတတ်အောင်
စိတ်ဓာတ်မွေးမြူ အသည်းဖြူစေ။

* ခွင့်လွှတ်ခြင်းဖြင့်...
ရန်ကြွင်းရန်စ၊ မှန်သမျှကို
အလှဖန်ဆင်း၊ သန့်ရှင်းအမြင်
လူရှင်ခပင်း၊ ပူပင်ကင်းအောင်
ရင်တွင်းအေးမြ၊ ကျေနပ်ကြစေ။

* နားလည်ခြင်းဖြင့်...
ရင်တွင်းအလှ၊ ထင်လင်းကြစေ
အမြင်ရှင်းလတ်၊ ကြင်နာတတ်စေ
မြင့်မြတ်နှလုံး၊ ဆင့်ထပ်သုံးလျက်
မဆုံးနိုင်အောင်၊ ပြုံးလှိုင်ဆောင်စေ။

* ဩော်...အမှားစဉ်ဆက်
ကြားဝင်စွက်ဖက်၊ အားအင်ပျက်လိမ့်
အမျက်သိုပွား၊ ဖျက်လိုအားကြောင့်
တရားမဆန်၊ စကားညံ့လိမ့်
အပြန်အလှန်၊ အဖန်ဖန်လျှင်
တစ်ရံမလပ်၊ မာန်မဖြတ်က
ဒို့ရပ်ဌာနေ၊ စစ်မက်မွှေကာ
သေကျေဆင်းရဲ၊ သူငါမွဲလိမ့်
ငရဲအသွင်၊ အမြဲထင်လိမ့်
အမြင်အသစ်၊ ရင်မှာဖြစ်လျက်
အချစ်လိုအပ်၊ စစ်ကိုဖြတ်လော့
မြင့်မြတ်ခန္တီ၊ စိတ်လက်ရှည်စွာ
ညီအစ်ကိုချင်း၊ နားလည်ခြင်းဖြင့်
ဖန်ဆင်း"ခေတ်မီ-နိုင်ငံ"ဆီသို့
လှမ်းချီတွဲလက်၊ ခရီးဆက်မည်
မိုးထက်မြင့်မား ဒို့စွမ်းအား။
ပြည်ထောင်စုဖွား ဒို့သွေးသား။
"ညီညွတ်ခြင်းသည် ဒို့အင်အား"။ ။

(၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုလျက်-

စလင်းဘုန်းကျော်

၂၀၁၁ခုနှစ်၊ (၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ပြည်ထောင်စုတိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး၊

(၂) တိုင်းရင်းသား ပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ် ရှင်သန်ထွန်းကားရေး၊

(၃) နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်း၊ ပြည်ပ အဖျက်သမားများ၏ အန္တရာယ်ကို တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်မှုဖြင့် ပူးပေါင်းကာကွယ်တားဆီးရေး၊

(၄) တိုင်းရင်းသားပြည်သူများ၏ တစ်ခဲနက်ထောက်ခံမှုဖြင့် အတည်ပြုခဲ့သော နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် တိုင်းရင်းသားအားလုံး အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ရေး၊

(၅) နှစ်ပေါင်းထောင်ချီ၍ ဥမကွဲသိုက်မပျက် ဖြစ်ထွန်းလျက်ရှိသည့် နိုင်ငံတော်ကြီးကို ပြည်ထောင်စုကြီးအဖြစ် အရှည်တည်တံ့ခိုင်မြဲစေရန် တိုင်းရင်းသားစည်းလုံးညီညွတ်မှုစွမ်းပကားဖြင့် ပူးပေါင်းဆောင်ရွက်ရေး။

ကမ္ဘာ့ထူးချွန် ကျန်းမာရေးဝန်ထမ်းဆုရရှိခဲ့သူအား ဂုဏ်ပြု

နေပြည်တော် ဖေဖော်ဝါရီ ၅

ကမ္ဘာ့ထူးချွန် ကျန်းမာရေးဝန်ထမ်းဆု(Global Health Workforce Alliance Award 2011) ရရှိခဲ့သော ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် မယ်ယန်းကျေးလက်ကျန်းမာရေးဌာနလွယ်စတုံ ကျေးလက်ကျန်းမာရေးဌာနခွဲမှ သားဖွားဆရာမ ဒေါ်နန်းသန်းသန်းဦးအား ကျန်းမာရေးဝန်ကြီးဌာနက ဂုဏ်ပြုချီးမြှင့်ပွဲကို ဖေဖော်ဝါရီ ၄ ရက် နံနက် ၈နာရီက နေပြည်တော် ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ အခမ်းအနားတွင် ကမ္ဘာ့ထူးချွန် ကျန်းမာရေးဝန်ထမ်းဆု (Global Health Workforce Alliance Award-2011) ရရှိခဲ့သော သားဖွားဆရာမ ဒေါ်နန်းသန်းသန်းဦးအား ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်က ဂုဏ်ပြုအထိမ်းအမှတ်တံဆိပ်၊ ဆုလက်မှတ်နှင့်ဆုငွေများကို ပေးအပ်ချီးမြှင့်သည်။ **(ယာပုံ)**

ဆုလက်မှတ်များချီးမြှင့်

ဒုတိယအကြိမ်မြောက် ကမ္ဘာလုံးဆိုင်ရာ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ညီလာခံ (2nd Global Forum on Human Resource for Health) ကို ၂၀၁၁ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ၂၀၁၁ ခုနှစ် Prince Mahidol Award Conference နှင့် ပူးတွဲကျင်းပခဲ့ပြီး ညီလာခံ၏နောက်ဆုံးနေ့ ဇန်နဝါရီ ၂၉ရက် နံနက်ပိုင်းက ကမ္ဘာအရပ်ရပ်မှ ထူးချွန်ကျန်းမာရေးစောင့်ရှောက်ပေးသူများအား ဆုရုပ်တုနှင့် ဆုလက်မှတ်များချီးမြှင့်ရာ နိုင်ငံပေါင်း ၂၇နိုင်ငံမှ ဝင်ရောက်ယှဉ်ပြိုင်သူ ၅၈ဦးတွင် ကျန်းမာရေးလူ့စွမ်းအားဆုရရှိသူ နှစ်ဦးအနက် ဆုရသူတစ်ဦးမှာ မြန်မာနိုင်ငံမှ သားဖွားဆရာမ ဒေါ်နန်းသန်းသန်းဦးဖြစ်သည်။

ထိုက်ထိုက်တန်တန်

သူမအနေဖြင့် ၁၉၈၂ခုနှစ်တွင် အလုပ်စတင်ဝင်ရောက်ခဲ့ရာမှ ယခုလုပ်သက် ၂၉နှစ် ကာလအတွင်း တာဝန်ကျရာ ကျေးလက်ဒေသတိုင်း၌ ကျေးလက်ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းကို တစိုက်မတ်မတ် ကြိုးစားဆောင်ရွက်ခဲ့သူ ဖြစ်ပြီး ကိုယ်ဝန်ဆောင် မိခင်သေဆုံးခြင်း တစ်ဦးမျှမရှိစေရန် အထူးကြိုးပမ်းဆောင်ရွက်ခဲ့ခြင်း၊ ခရီးလမ်းပန်းခက်ခဲသော ကျေးလက်ဒေသများတွင် တာဝန်ထမ်းဆောင်ခဲ့ပြီး တာဝန်ကျရာဒေသအချို့၌ တစ်ခါတစ်ရံ အဝေးဆုံးရွာရှိ အိမ်ခြေ ၁၅ အိမ်ခန့်ကို ရောက်ရန် ချောင်းကိုရေကူး၍ သွားရခြင်း၊ အချို့ရွာများ၌ သစ်ရွက်ခြောက်သည့် နွေရာသီတွင် တောင်ကုန်းမှ သစ်ရွက်ခြောက်များကို လျှောစီးပြီး တောင်အောက်ရွာသို့ သွားရခြင်း၊ တစ်နေကုန် တောင်တက်ခရီးဖြင့် ခြေကျင်လျှောက်ရခြင်းတို့ကို မညည်းမညူလုပ်ငန်းတာဝန်ကျေသည်သာမက အားတက်သရော စေတနာအပြည့်ဖြင့် ဆောင်ရွက်ခဲ့ခြင်းတို့ကြောင့် ဤဆုကို Short List ၁၂ ဦးအနက်မှ ထူးချွန်စွာ ထိုက်ထိုက်တန်တန် ရရှိခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ် အမှတ်(၁၂) အခြေခံပညာမူလတန်းကျောင်း ပညာရည်ချွန်ဆုချီးမြှင့်ပွဲကို ဇန်နဝါရီ ၂၇ ရက်က ကျင်းပရာ တတိယဆုရရှိသော ဒုတိယတန်းမှ မောင်အောင်ပြည့်စုံအား ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းသန်းထွေး ဆုချီးမြှင့်စဉ်။ (ပညာရေး)

အင်ဂျင်နီယာဒီပလိုမာသင်တန်းများဖွင့်

ရန်ကုန် ဖေဖော်ဝါရီ ၅

DUAL TECHသင်တန်းကျောင်းသည် City & Guilds (UK) Approved Centre No.826811 အင်္ဂလန်နိုင်ငံ အသိအမှတ်ပြုသင်တန်းကျောင်းဖြစ်ပြီး သင်တန်းတွင်အင်္ဂလန်နိုင်ငံအသိအမှတ်ပြုဒီပလိုမာသင်တန်းများဖြစ်သော Air-Condition & Refrigeration, Electrical, Electronic, Mechanical,M & E,Civil (Construction) စသော Diploma သင်တန်းများထဲမှ မိမိဝါသနာပါရာ သင်တန်းများကိုရွေးချယ်တက်ရောက်နိုင်ကြောင်း၊ သင်တန်းကာလမှာ ခြောက်လ၊တစ်နှစ်ကြာမြင့်မည်ဖြစ်ပြီး တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ပြီးသူတိုင်း အသက်အရွယ်အကန့်အသတ်မရှိ တက်ရောက်နိုင်ကြောင်း သိရသည်။

AGTI အောင်မြင်ပြီးသူများသည် Advanced Diploma ကို တက်ရောက်နိုင်မည်ဖြစ်ပြီးနိုင်ငံတကာ တက္ကသိုလ်များတွင် ကျောင်းဆက်တက်မည်ဆိုပါက Second Year မှ စတင်တက်ရောက်နိုင်ပြီး Bechelor of Engineering ဘွဲ့ကို ရယူနိုင်မည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် လက်တွေ့အင်ဂျင်နီယာသင်တန်းများဖြစ်သော အဲယားကွန်း၊ အီလက်ထရွန်နစ်၊TV, DVD,EVD ပြုပြင်ခြင်း၊လျှပ်စစ်ဝါယာရိန်း၊မော်တာ၊ ထရန်စဖော်မာပြုပြင်ခြင်း၊ ဂဟေဆက်နှင့် တွင်ခုံသင်တန်း၊ ကားအင်ဂျင်နှင့်ဝါယာရိန်း၊ Electronic Projects သင်တန်းများ၊ Motor Controls , PIC, PLC , CNC , Engineering Civil နှင့် Air-Con Dust Design စသည့်သင်တန်းများ၏သင်တန်းကာလမှာ နှစ်လမှ သုံးလအထိ ဖြစ်ကြောင်း သိရသည်။

ထို့အပြင်ကွန်ပျူတာသင်တန်းများ၊ စာရင်းကိုင်ဒီပလိုမာ သင်တန်းများ၊ အင်္ဂလိပ်စာ သင်တန်းများကိုလည်း အခြေခံ 4-skills မှစ၍ IELTS အထိ တက်ရောက်နိုင်ကြောင်း၊ နယ်မှကျောင်းသားများအတွက် ဘော်ဒါရှိကြောင်းလည်း သိရသည်။

ဆက်သွယ်စုံစမ်းနိုင်

အသေးစိတ်သိရှိလိုပါက DUAL TECH (အင်းစိန် Centre-1) ပြည်လမ်း မင်းဓမ္မလမ်းနှင့် စော်ဘွားကြီးကုန်း (အာလိန်ငါးဆင့်ဘုရားအနီး) အင်းစိန်မြို့နယ် ရန်ကုန်မြို့ ဖုန်း ၀၁-၇၂၇၂၉၃၊ ၀၁-၇၃၀၆၉၆၈၂ နှင့် DUAL TECH (ရန်ကင်း Centre-2) တိုက်အမှတ်(၂၀၆/၂) ရန်ကင်းလမ်းမကြီး (၁၂)လုံးတန်း မှတ်တိုင် (ရှီးမဘာဏ်အနီး) ရန်ကင်းမြို့နယ် ဖုန်း ၀၉-၅၁၃၉၁၅၉နှင့်၀၁-၇၃၀၂၀၈၀၃ တို့ထံသို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

The Future Myanmar Business Report မဂ္ဂဇင်းမိတ်ဆက်ပွဲ ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၅

The Future Myanmar Business Report မဂ္ဂဇင်းမိတ်ဆက်ပွဲနှင့် ဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၄ ရက် မွန်းလွဲ ၂ နာရီက ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ ဆီဒိုးနားဟိုတယ်၌ ကျင်းပရာ The Future Myanmar Business Reportမဂ္ဂဇင်းမန်နေဂျင်းအယ်ဒီတာ ဒေါ်စိုးယုဝေက မဂ္ဂဇင်းထုတ်ဝေရခြင်းနှင့်စပ်လျဉ်း၍ မိတ်ဆက်စကားပြောကြားသည်။ **(ယာပုံ)**

ရှင်းလင်းဆွေးနွေး

ထို့နောက် ဂျပန်နိုင်ငံ Economic Sustainable Development-ESD 21 မှ Chairman Mr. Satoshi Kuroiwa၊ Managing Director Mr. Isao Wazawa နှင့် Director Mr. Akio Suzuki တို့က "Basic Principle and Practical Advantage of TOYOTA Production System (TPS)/ Lean System" အကြောင်းကို ရှင်းလင်းဆွေးနွေးကြသည်။

ဖော်ပြ

The Future Myanmar Business Report မဂ္ဂဇင်းတွင် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံမှ အောင်မြင်ထင်ရှားသော စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံခြင်းများ၊ လုပ်ငန်းရှင်၏ လုပ်ငန်းများနှင့် ထုတ်ကုန်ပစ္စည်းများကို မျက်နှာဖုံးဆောင်းပါးများအဖြစ် ဖော်ပြသွားပြီး လုပ်ငန်းနှင့်ဆက်စပ်သော ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဆောင်းပါး၊ ဈေးကွက်အလားအလာ ဆောင်းပါးစသည်ဖြင့် Focus ဆောင်းပါးများကိုလည်း ဖော်ပြသွားမည်ဖြစ်သည်။

ဖိတ်ခေါ်ထား

The Future Myanmar Business Report မဂ္ဂဇင်းကို မြန်မာ၊ အင်္ဂလိပ်၊ ဂျပန် သုံးဘာသာဖြင့် ထုတ်ဝေမည်ဖြစ်ပြီး ထိုင်းနိုင်ငံနှင့် ဂျပန်နိုင်ငံရှိ မြန်မာနိုင်ငံသံရုံးများ၊

ဂျပန်နိုင်ငံရှိ အစိုးရရုံးများ၊ ဂျပန်နိုင်ငံရှိ အောင်မြင်ကျော်ကြားသော ကုမ္ပဏီများ၊ လေကြောင်းလိုင်းများသို့ ဖြန့်ဝေသွားမည့်အပြင် နိုင်ငံတစ်ဝန်းရှိ အရောင်းဆိုင်များသို့လည်း ဖြန့်ဖြူးရောင်းချသွားမည်ဖြစ်ရာ နယ်ပယ်အသီးသီးမှ လုပ်ငန်းရှင်များ၊ ပညာရှင်များနှင့်အခြားကဏ္ဍများမှ တာဝန်ရှိသူများအား The Future Myanmar Business Report ၏ အစိတ်အပိုင်းအဖွဲ့အစည်းတစ်ခုဖြစ်သော Myanmar Resources Group နှင့် ပူးပေါင်းဆောင်ရွက်နိုင်ရန် ဖိတ်ခေါ်ထားသည်။ **(သတင်းစဉ်)**

အလိမ္မာ စာမှာရှိ

ဇန်နဝါရီ ၁၁ ရက်က ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့မှ ညွှန်ကြားရေးမှူး ဦးစိုးလွင်နှင့်အဖွဲ့ ပန်းတောင်းမြို့နယ် ဥဿျစ်ပင် တိုးချဲ့ကွက်သစ် (၄)လမ်းကတ္တရာခင်းခြင်းလုပ်ငန်းကို ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးစိုးမြင့်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးသီဟဖြိုးကျော်တို့ ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

မြန်မာစာအဓိက ကျောင်းသား ကျောင်းသူများ မြတ်ဆရာပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၅

ရန်ကုန်တက္ကသိုလ် (၁၉၆၉-၇၃) မြန်မာစာအဓိက ကျောင်းသားကျောင်းသူများက အငြိမ်းစားဆရာ ဆရာမကြီး ၁၂ ဦးတို့အား နဝမအကြိမ်မြောက် ပူဇော်ကန်တော့ပွဲနှင့်တွေ့ဆုံပွဲကို ဖေဖော်ဝါရီ ၁၂ရက်(ပြည်ထောင်စုနေ့) မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေဂုံတိုင်လမ်း အမှတ် ၂၂၁/၂၂၃ တော်ဝင်နှင်းဆီ၌ ကျင်းပမည်ဖြစ်ရာ (၁၉၆၉-၇၃) မြန်မာစာအဓိက ကျောင်းသား ကျောင်းသူများ တက်ရောက်ကြရန်နှင့်အလှူငွေများကို ဦးကျော်ဇေယျ ဖုန်း-၀၉-၅၀၀၇၈၄၉၊ ဦးခင်စိုး ဖုန်း-၅၄၃၆၆၉၊ ဒေါ်ခင်ရွှေဦးဖုန်း-၅၆၆၁၃၁၊ ၇၀၄၅၆၅၊ဒေါ်ချိုချို ဖုန်း-၀၉-၅၀၃၉၅၉၀၊ ဦးစိုးညွန့် (တော်ဝင်နှင်းဆီ) ဖုန်း-၅၄၂၇၁၉၊ ၅၄၂၇၂၀၊ ဦးစန်းမြင့် ဖုန်း-၀၉-၄၉၂၉၀၅၀၈ နှင့် ဒေါ်နွယ်နွယ်လင်း ဖုန်း-၆၆၀၀၅၀တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။ *(မြန်မာ့အလင်း)*

စောင့်ကြည့်သတင်းဂျာနယ်ထွက်ရှိ

ရန်ကုန် ဖေဖော်ဝါရီ ၅

ပြည်ပပို့သည့်ပဲများ တစ်တန်လျှင် ကျပ်တစ်သိန်းကျော်အထိမြင့်တက်၊ ဖေဖော်ဝါရီလမှာ လေပွေလှိုင်းများတိုက်ခတ်ပြီး အအေးပိုကဲမည်၊ မီးပွိုင့်များတွင် ဗဟိုထိန်းချုပ်ခန်း မကြာမီ အကောင်အထည်ဖော်တော့မည်၊ ငှက်ဖျားအမြစ်ပြတ်ဆေး အခမဲ့ပေးဝေမည်၊ တရုတ်နိုင်ငံလုပ် လုပ်ငန်းသုံးယာဉ်ကြီးများနှင့် အဝေးပြေးယာဉ်များ မြန်မာမှ ပိုမိုတင်သွင်းမည်၊ မလေးရှားအလုပ်ခေါ်စာအတုဖြင့် လိမ်လည်မှုများရှိနေဆဲ၊ တရားမဝင် အနောက်တိုင်းဆေးများ ထုတ်လုပ်သူကို ဖော်ထုတ်ဖမ်းဆီးရမိ၊ ဈေးသက်သက်သာသာနှင့် မော်တော်ကားဝယ်စီးနိုင်တော့မည်၊ လူငယ်များနှင့်အင်ဂျင်နီယာများ အလုပ်အကိုင်အခွင့်အလမ်းကောင်းလာမည်၊ငွေဆောင်တွင်ပထမဆုံးအကြိမ် လူနေဈေးဆိုင်ခန်းများ အဆင့်မြင့်မြင့်တည်ဆောက်နေ၊ အကယ်ဒမီ နေတိုးရဲ့ အမှတ်တရအလှူဒါန၊ အကယ်ဒမီလူမင်း ဖက်ရှင်ဆိုင်ဖွင့်၊ မျှော်စင်ကျွန်းတွင် ဆိုဗီယက်ပြန် အာဇာနည်စန်းစန်း ဆပ်ကပ်အဖွဲ့ကြီး တနင်္ဂနွေအပတ်စဉ်ဖျော်ဖြေမည်၊ မြန်မာ့ရိုးရာ ရုပ်သေးပွဲများလည်း ကရဝိက်နန်းတော်တွင် ဖျော်ဖြေမည်၊ မြို့မတေးဂီတအဖွဲ့နှင့် ရန်အောင်၊ မေသန်းနုတို့ကို မန္တလေးသားများအကြိုက်တွေ့၊ ကိုရီးယားမင်းသား ရွယ်ဘင်း၊ ကင်ဆန်ဝူး(ရေသည်မင်းသား)၊ F4 ချစ်သူ ကင်ဘမ်တို့အကြောင်း၊ ဗြိတိသျှထီးနန်းကို ဆက်ခံမည့်သူ၊ ဥရောပမပါသောကမ္ဘာ၊ လူ့အဖွဲ့အစည်းရဲ့ မောင်းနှင်အား Facebook စသည့် ကမ္ဘာ့သတင်း၊ မြန်မာ့သတင်းများနှင့်အတူ News Watch(စောင့်ကြည့်)ဂျာနယ် အတွဲ(၆)၊ အမှတ်(၃၀)ထွက်ရှိနေပြီဖြစ်သည်။ **(သတင်းစဉ်)**

ကျောင်းဆောင်သစ်ပေးအပ်ပွဲကျင်းပ

စစ်ကိုင်း ဖေဖော်ဝါရီ ၅

စစ်ကိုင်းမြို့နယ် ရေမျက်ကျေးရွာ အခြေခံပညာမူလတန်းကျောင်း အေးစန္ဒာကျောင်းဆောင်သစ်ပေးအပ်ပွဲကို ဇန်နဝါရီ ၂၇ ရက် နံနက်ပိုင်းက ကျောင်းဝင်းအတွင်း၌ ကျင်းပရာ အခမ်းအနားသို့ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအုန်းသန်း၊ မြို့နယ်ဥက္ကဋ္ဌဦးအောင်မိုး၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ မြို့နယ်ပညာရေးမှူး ဦးကြည်ဝင်းနှင့် ဆရာ ဆရာမများနှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

အဆိုပါ ကျောင်းဆောင်သစ်ကို ရန်ကုန်မြို့နေ ဦးအေးကို-ဒေါ်စန္ဒာဝင်း မိသားစုက ဆောက်လုပ်လှူဒါန်းခဲ့ကြောင်း သိရှိရသည်။ (ဝ၄ဝ)

ထုံးကျောက်၊ ကျောက်မီးသွေးနှင့် သံကြွယ်ဘောက်ဆိုဒ် အကြီးစားတူးဖော်ထုတ်လုပ်မှုလုပ်ငန်း သဘောတူစာချုပ်

နေပြည်တော် ဖေဖော်ဝါရီ ၅

သတ္တုတွင်းဝန်ကြီးဌာန အမှတ်(၃) သတ္တုတွင်းလုပ်ငန်းနှင့် တက်လူ ရင်းနှီးမြှုပ်နှံမှုအဖွဲ့ စက်မှုထုတ်လုပ်မှု ကုမ္ပဏီလီမိတက် (Y.I.G)တို့သည် နိုင်ငံတော်အကြီးအကဲ၏ ခွင့်ပြုချက်နှင့်အညီ တစ်ရက်လျှင် ဘိလပ်မြေတန် ၂၀၀၀ကျ ဘိလပ်မြေစက်ရုံအတွက် လိုအပ်သော စက်မှုတွင်းထွက်ကုန်ကြမ်းများရရှိရန် မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် ပြည်ညောင်ဒေသ ညောင်ပင်တောင်(မြောက်ပိုင်း) လုပ်ကွက်၊ နွားလဘို့တောင်လုပ်ကွက်၊ သပြေတောင် လုပ်ကွက်တို့၌ ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားသည့်စနစ်ဖြင့် ထုံးကျောက် အကြီးစားတူးဖော် ထုတ်လုပ်မှုလုပ်ငန်း သဘောတူစာချုပ် လက်မှတ်ရေးထိုးပွဲ၊ စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်မြို့နယ် မင်းသမီးကျေးရွာအုပ်စု စားသွေးကျောက်ချောင်းဒေသ လုပ်ကွက်နှင့် မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် ကြပ်စခန်းကျေးရွာအုပ်စု ကြပ်စခန်းဒေသ လုပ်ကွက်တို့၌ ထုတ်လုပ်မှုအပေါ်ခွဲဝေခံစားသည့်စနစ်ဖြင့် ကျောက်မီးသွေး အကြီးစားတူးဖော်ထုတ်လုပ်မှု လုပ်ငန်း သဘောတူစာချုပ် လက်မှတ်ရေးထိုးပွဲနှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း) နောင်ချိုမြို့နယ် နောင်တခေါဒေသနှင့် လုံဝယ်ဒေသလုပ်ကွက်တို့၌ ထုတ်လုပ်မှုအပေါ်ခွဲဝေခံစားသည့်စနစ်ဖြင့်သံကြွယ်ဘောက်ဆိုဒ် အကြီးစားတူးဖော်ထုတ်လုပ်မှုလုပ်ငန်း သဘောတူစာချုပ် လက်မှတ်ရေးထိုးပွဲကို ဖေဖော်ဝါရီ ၄ ရက် နံနက် ၁၁ နာရီက နေပြည်တော်ရှိသတ္တုတွင်းဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ အခမ်းအနားတွင် သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဦးအုန်းမြင့်က အဖွင့်အမှာစကား ပြောကြားပြီး အမှတ်(၃)သတ္တုတွင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဝင်းထိန်က ကျောက်မီးသွေး အကြီးစားတူးဖော်ထုတ်လုပ်မှုနှင့်စပ်လျဉ်း၍အသေးစိတ်ရှင်းလင်းပြောကြားသည်။

ကျေးဇူးတင်စကားပြောကြား

ထို့နောက် တက်လူ ရင်းနှီးမြှုပ်နှံမှုအဖွဲ့ စက်မှုထုတ်လုပ်မှု ကုမ္ပဏီလီမိတက် မန်နေဂျင်း ဒါရိုက်တာ ဦးသီဟအောင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

လက်မှတ်ရေးထိုး

ယင်းနောက် တက်လူ ရင်းနှီးမြှုပ်နှံမှုအဖွဲ့ စက်မှုထုတ်လုပ်မှု ကုမ္ပဏီလီမိတက်နှင့် အမှတ်(၃) သတ္တုတွင်းလုပ်ငန်းတို့ လုပ်ငန်းသဘောတူစာချုပ်ကို ဦးဆောင်ညွှန်ကြားရေးမှူး၊ မန်နေဂျင်းဒါရိုက်တာနှင့် အသိသက်သေများက လက်မှတ်ရေးထိုးကြသည်။

ထို့နောက် ဝန်ကြီးက ခွင့်ပြုမိန့်များကို မန်နေဂျင်း ဒါရိုက်တာအား ပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လှိုင်သာယာမြို့နယ် ကုလားကြီးစုကျေးရွာအုပ်စု ကံလှကျေးရွာ ပညာတံခွန်စာကြည့်တိုက် အဆောက်အအုံသစ်ပန္နက်တင်ပွဲကို ဇန်နဝါရီ ၂၇ရက်က ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးအေးမြင့်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးစန်းအေး၊ ကုလားကြီးစုကျေးရွာဥက္ကဋ္ဌ ဦးဝင်းနောင်နှင့် ကံလှကျေးရွာ အခြေခံပညာမူလတန်းကျောင်း ကျောင်းအုပ်ဆရာမကြီးတို့က ပန္နက်တင်ပေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

ဟသ်ာတမြို့ အလက(၅) အာစရိယပူဇော်ပွဲ ကျင်းပမည်

ဟသ်ာတ ဖေဖော်ဝါရီ ၅

ဟသ်ာတမြို့ အလက(၅)တွင် ပညာသင်ကြားခဲ့ကြသော ကျောင်းသားကျောင်းသူဟောင်းများက (၁၄)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲနှင့် ညစာစားပွဲကို ဖေဖော်ဝါရီ၂၇ရက် ညနေ၃နာရီတွင် တေဇခန်းမဆောင်၌ ကျင်းပမည်ဖြစ်ရာ ကန်တော့ခံ ဆရာ ဆရာမကြီးများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ရန်နှင့် အလှူငွေထည့်ဝင်လိုသူများသည် ကိုဖြိုးမြင့်သိန်း ဖုန်း-၀၉-၈၅၈၀၄၀၁၊ ကိုဘာဘူ ဖုန်း-၀၉-၅၁၁၇၅၉၉၊ ကိုနောင်ဝင်းသက် ဖုန်း-၀၉-၄၉၇၄၆၅၃၃၊ ကိုဆန်းသူအောင် ဖုန်း-၀၉-၅၂၀၈၄၂၁၊ ကိုစိုးမိုးအောင် ဖုန်း-၀၉-၈၅၈၀၇၃၉၊ ကိုအောင်ကိုကို ဖုန်း-၀၉-၈၅၈၁၂၅၂၊ ကိုမောင်မောင် ဖုန်း-၀၉-၈၅၈၀၁၁၄၊ ဦးငွေလှဦး ဖုန်း- ၀၉-၈၅၈၁၅၀၅၊ ဦးတင်ထွန်းမော် ဖုန်း-၀၄၄-၂၁၃၃၇၊ ဦးအောင်မြင့်နိုင် ဖုန်း-၀၉-၈၅၈၁၂၉၈၊ ဦးလှမြင့်(ကေဖွယ်လင်)၊ ဦးဝင်းမြင့်အောင် ဖုန်း-၀၄၄-၂၁၇၆၇၊ ဒေါ်ဝင်းဝင်းနွယ် ဖုန်း-၀၄၄-၂၁၁၄၆ နှင့် ဒေါ်ခင်သိန်း ဖုန်း-၀၄၄-၂၁၈၀၉ တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။ (၁၇၇)

အိန္ဒိယနိုင်ငံ နယူးဒေလီမြို့၌ သင်တန်းတက်ရောက်ရန်အတွက် အားကစားနှင့် ကာယပညာ ဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်သဲနုဝင်း ဖေဖော်ဝါရီ ၁ရက်ကလေကြောင်းခရီးဖြင့် ထွက်ခွာသွားရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်သူများနှင့်အတူတွေ့ရစဉ်။ (မြန်မာ့အလင်း)

ငါးသိုင်းချောင်းအသင်း(ရန်ကုန်) သင်းလုံးကျွတ်စည်းဝေးမည်

ရန်ကုန် ဖေဖော်ဝါရီ ၅

ငါးသိုင်းချောင်းအသင်း(ရန်ကုန်)၏ စတုတ္ထအကြိမ် သင်းလုံးကျွတ်နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ ၂၇ ရက် (တနင်္ဂနွေနေ့) နံနက် ၁၀နာရီတွင် ဦးဘိုးမောင်ကျောင်းဗားကရာလမ်း စမ်းချောင်းမြို့နယ်၌ ကျင်းပမည်ဖြစ်ရာ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြပါရန် ဖိတ်ကြားထားကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

မြန်မာနိုင်ငံလယ်ယာသန်းခေါင်စာရင်းကောက်ယူရေး အမရပူရ၌ အလုပ်ရုံဆွေးနွေး

အမရပူရ ဖေဖော်ဝါရီ ၅

၂၀၁၀ခုနှစ် မြန်မာနိုင်ငံလယ်ယာသန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်းစီမံကိန်း အလုပ်ရုံဆွေးနွေးပွဲကို အမရပူရမြို့နယ် မြေစာရင်းဦးစီးဌာနတွင် ဖေဖော်ဝါရီ ၁ ရက် နံနက် ၉ နာရီက ကျင်းပရာ အခမ်းအနားတွင် မန္တလေးခရိုင် မြေစာရင်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဝင်းနှင့်အမရပူရမြို့နယ်ဥက္ကဋ္ဌ ဦးကိုကိုဦးတို့ကအမှာစကားပြောကြားကြသည်။ **(အောက်ဝဲပုံ)**

ဆွေးနွေးပို့ချ

သင်တန်းတွင် မြို့နယ်မြေစာရင်းဦးစီးဌာနမှ ဦးစီးအရာရှိ ဦးအောင်နိုင်ဝင်းနှင့် ဒုတိယဦးစီးမှူး ဦးငွေဝင်းတို့က မြို့နယ်အဆင့် ဆင့်ပွားသင်တန်းပို့ချဆွေးနွေးခဲ့ပြီး မြို့နယ်မြေစာရင်းဦးစီးဌာနမှ လယ်ယာသန်းခေါင်စာရင်း ကောက်ယူမည့်(ကွင်းဝန်ထမ်း) သင်တန်းသား ၂၁ဦး တက်ရောက်ကြကာ အလုပ်ရုံဆွေးနွေးပွဲနှင့် လက်တွေ့ကွင်းဆင်း ဆောင်ရွက်ခြင်းကို ငါးရက်ကြာ ဆွေးနွေးပို့ချခဲ့ကြောင်း သိရှိရသည်။ **(မြေစာရင်းဦးစီး)**

ဆုချီးမြှင့်

တာမွေမြို့နယ် အခြေခံပညာမူလတန်းကျောင်း အမှတ်(၃၂)တွင် ဒီဇင်ဘာ ၂၉ ရက်က ပညာရည်ချွန်ဆုချီးမြှင့်ပွဲ ကျင်းပရာ ငါးနှစ်ဆက်တိုက် ပညာရည်ချွန်ဆုရ ကျောင်းသူ မနှင်းဟေမာန်ဦးအား ကျောင်းအုပ်ဆရာမကြီး ဒေါ်ဖြူဖြူလတ် ဆုချီးမြှင့်စဉ်။ (ပညာရေး)

မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်

သံဖြူဇရပ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် အမှတ်(၁) မြို့မဈေးအတွင်း မီးဘေးကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်ခြင်းကို ဇန်နဝါရီ ၂ ရက်က အမှုဆောင်အရာရှိနှင့်ဝန်ထမ်းများ၊ ဈေးသူဈေးသားများ ဆောင်ရွက်ရာ ဒေသခံတပ်နယ်မှ ဗိုလ်မှူးချုပ်တောက်ထွန်းနှင့် မြို့နယ်ဥက္ကဋ္ဌတို့ ကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးထွန်းမြိုင် ကဝမြို့နယ် သက္ကလကျေးလက်ဈေးအတွင်း မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ဆောင်ရွက်ထားရှိမှုကို ဖေဖော်ဝါရီ ၃ ရက်က ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးမောင်မောင်ငြိမ် ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ် မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ဇန်နဝါရီ ၂၉ ရက်က မြို့နယ်မီးသတ်ဦးစီးမှူးရဲကျော်သူညာဏ်ထွန်းနှင့် ရပ်ကွက်ဥက္ကဋ္ဌများ၊ မီးသတ်တပ်ဖွဲ့ဝင်များ င/ခ ရပ်ကွက်အတွင်း ကွင်းဆင်းစစ်ဆေးစဉ်။ (၁၂၁)

တောင်ငူခရိုင် အုတ်တွင်းမြို့နယ် အမှတ်(၆၉)သစ်စက်၌ မီးဘေးကြိုတင်ကာကွယ်ရေး လက်တွေ့သရုပ်ပြပွဲကို ဇန်နဝါရီ ၂၆ ရက်က ကျင်းပရာ မြို့နယ်မီးသတ်စခန်းတာဝန်ခံ ဦးသိန်းမြင့်နှင့် စက်ရုံမှူး ဦးထွန်းသိန်းတို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (၀၄၇)

ကျိုက်ထိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် သိမ်ဇရပ်ဈေးအတွင်း မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်း ဆောင်ရွက်ထားရှိမှုများကို ဇန်နဝါရီ ၃၀ ရက်က အမှုဆောင်အရာရှိ ဦးစောရွှေ ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

(၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ပုလဲမြို့နယ် လဲကန်ကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ) ဖွင့်ပွဲကျင်းပစဉ်။ (သတင်းစဉ်)

(၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆို ပုလဲမြို့နယ်၌ အလယ်တန်းကျောင်း(ခွဲ)ဖွင့်

နေပြည်တော် ဖေဖော်ဝါရီ ၅

(၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ပုလဲမြို့နယ် လဲကန်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) ဖွင့်ပွဲနှင့် ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂၉ ရက် နံနက် ၁၀ နာရီက အဆိုပါကျောင်းဆောင်သစ်၌ ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ မြို့နယ် ဥက္ကဋ္ဌ ဦးအောင်ကျော်စိုး၊ မြို့နယ်ပညာရေးမှူး ဦးထိန်မင်း၊ ကျောင်းအုပ်ဆရာကြီး ဦးမြင့်သိန်းနှင့် ကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးသန်းဝင်းတို့က လဲကန်ကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)ကို ဖဲကြိုးဖြတ်ဖွင့် လှစ်ပေးကြသည်။

ထို့နောက် မြို့နယ် ဥက္ကဋ္ဌ ဦးအောင်ကျော်စိုးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဦးထိန်မင်းက ပညာရေးနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် အလှူရှင် ဦးဌေးလွင်က ကျောင်းဆောင်သစ်နှင့်စပ်လျဉ်းသည့် စာရွက်စာတမ်းများကို လွှဲပြောင်းပေးအပ်ရာ မြို့နယ်ပညာရေးမှူးက လက်ခံသည်။

ကျောင်းဆောင်သစ်မှာ ပေ (၁၂၀ × ၃၀)ရှိပြီး သွပ်မိုး၊ အုတ်ညှပ်၊ ကွန်ကရစ်ခင်း တစ်ထပ်အဆောက်အအုံဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ပဲခူးကြခတ်ဝိုင်း ဆရာတော်ကြီး၏ အန္တိမစျာပန သာဓုကီဠနပူဇာသဘင်နှင့် သရီရဓာတ်ပြာတော်များ ရေမျှောပူဇော်ပွဲကျင်းပမည်

နေပြည်တော် ဖေဖော်ဝါရီ ၅

နိုင်ငံတော်သြဝါဒါစရိယ ရွှေကျင်နိကာယ ဥပဥက္ကဋ္ဌ တွဲဖက်ရွှေကျင် သာသနာပိုင် ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ သီရိမင်္ဂလာကြခတ်ဝိုင်း ပရိယတ္တိစာသင်တိုက် ပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မ ဇောတိက ဘဒ္ဒန္တဇောတိပါလ ဆရာတော်ကြီး၏ အန္တိမစျာပန ပူဇာသဘင်ကို ဖေဖော်ဝါရီ ၉ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁ နာရီခွဲတွင် ဆင်ယင်ကျင်းပ၍ မွန်းလွဲ ၁ နာရီတွင် ဆရာတော်ကြီး၏ ဥတုဇရုပ်ကလာပ်တော်အား ကြခတ်ဝိုင်းကျောင်းတိုက်မှ ရွှေအောင်ရွှေးစေတီတော် ဘုရားကွင်းသို့ ပင့်ဆောင်ကာ အန္တိမစျာပန သာဓုကီဠနပူဇာသဘင်ဆင်ယင်ကျင်းပမည်ဖြစ်ကြောင်း၊ ဖေဖော်ဝါရီ ၁၀ ရက် မွန်းလွဲ ၁ နာရီတွင် ဆရာတော်ဘုရားကြီး၏ သရီရဓာတ်ပြာတော်များအား ပဲခူးမြို့မှ ဝေါမြို့နယ် စစ်တောင်းတံတားသို့ အခမ်းအနားဖြင့် စတင်ပင့်ဆောင်ပြီး ညနေ ၃ နာရီခန့်တွင် ရေမျှောပူဇော်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လယ်ယာသန်းခေါင်စာရင်း ကောက်ယူခြင်း ဆင့်ပွားသင်တန်း သရက်မြို့၌ ဖွင့်လှစ်

နေပြည်တော် ဖေဖော်ဝါရီ ၅

မကွေးတိုင်းဒေသကြီး သရက်ခရိုင် သရက်မြို့၌ မြန်မာနိုင်ငံ လယ်ယာ သန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်း (မြို့နယ်အဆင့်) ဆင့်ပွားသင်တန်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၃ ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးသန်းလွင်က အမှာစကားပြောကြားပြီး မြို့နယ်မြေစာရင်း ဦးစီးမှူး ဦးကျော်ကျော်နိုင်က ဆောင်ရွက်ရမည့်လုပ်ငန်းစဉ် အခြေအနေများကို ရှင်းလင်းဆွေးနွေးသည်။

တက်ရောက်

အဆိုပါ သင်တန်းဖွင့်ပွဲအခမ်းအနားသို့ ဌာနဆိုင်ရာများ၊ မြို့နယ်စိုက်ပျိုးရေးကြီးကြပ်မှု အဖွဲ့ဝင်များ၊ မြို့နယ် မြေစာရင်း ဦးစီးဌာနမှ သင်တန်းသား ၂၂ ဦးတို့ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တပတ်တစ်ပတ်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

(၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရေးမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ရေးမြို့ ရန်မျိုးအောင်ရပ်ကွက် ဗိုလ်ချုပ်လမ်း ကတ္တရာထပ်ပိုးလွှာလမ်းသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၄ ရက်က ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးထွန်းနိုင်ဝင်းနှင့် အမှုဆောင်အရာရှိ ဦးအောင်ထွဋ်တို့ လမ်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

LIFESTYLES EXPO -2011 ပြပွဲတွင် Maruart ရောင်စုံကြမ်းခင်းများ ပါဝင်ပြသ

ရန်ကုန် ဖေဖော်ဝါရီ ၅

Maruart (မာရူးအတ်) ပြခန်းသည် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ဖေဖော် ဝါရီ ၃ ရက်မှ ၆ ရက်အထိ ခင်းကျင်း ပြသနေသော LIFESTYLES EXPO -2011 ပြပွဲတွင် ပါဝင်ပြသသည်။**(အောက်ပုံ)**

အလှဆင်နိုင်

ကိုရီးယားနိုင်ငံမှ ပြုလုပ်သော လာမီနိတ်ရောင်စုံကြမ်းခင်းများဖြင့် ရုံးခန်း၊ အိမ်ခန်း၊ စတိုးဆိုင်နှင့် မီနီမတ်များ၊ ဟိုတယ်များ၊ စာသင်ခန်းတို့ကို သေသပ်လှပ ခေတ်မီ ခံ့ညားစေရန်နှင့် စိတ်ချမ်းသာပျော်ရွှင်ချမ်းမြေ့မှုကို အပြည့်အဝ ဖန်တီးပေးနေပြီး ဆန်ခါတင်၊ အစိုဓာတ် ထိန်းပေးသော အောက်ခံဖော့ပြား၊ အခန်းခြေကျော်များကို အခမဲ့တပ်ဆင်ပေးပြီး Maruart Laminate Flooring ကို ကြမ်းခင်းအဖြစ်သာမက နံရံတွင်လည်း တွဲဖက်အလှဆင်နိုင်သည်။

အထူးသင့်လျော်

အရောင်ဒီဇိုင်းမျိုးစုံ ကြမ်းခင်းများသည် အပူဒဏ်ခံနိုင်ပြီးခြစ်ရာ စင်းရာမထင်နိုင်ခြင်းအပြင် သိပ်သည်းဆမြင့်မားသည့်အတွက် လေးလံသည့် ဝန်ဒဏ်ခံနိုင်သည်။ ၄င်းအပြင် အပြောင်းအရွှေ့ ပြုလုပ်ရာတွင် ပျက်စီးမှုမရှိဘဲ ဖြုတ်ယူနိုင်ခြင်း၊ Bioceremic အပေါ်လွှာ ဖုံးအုပ်ထားပြီး အနီအောက် ရောင်ခြည်ထုတ်လုပ်မှု တိုးမြှင့်ပေးသည့်အတွက် ကလေးလူကြီးမရွေး ကျန်းမာရေးအတွက် အထူးသင့်လျော်သည်။

ဆက်သွယ်နိုင်

အဆိုပါ ကိုရီးယားလာမီနိတ်ရောင်စုံ ကြမ်းခင်းများနှင့် နံရံကပ်ရေစိုခံ Shin Han Vinyl Wall-paper များကို အာမခံဖြင့် အလုပ်အပ်နံ့ရာ နေရာအရောက် တပ်ဆင်ပေးသည်။ ဆက်သွယ်ရန်မှာ အမှတ်(၂) အောင်သုခလမ်း ကိုးမိုင် (အိုးရှင်းစူပါမတ်ကက်အနီး) မရမ်းကုန်းမြို့နယ် ဖုန်း-၇၀၁၄၇၈၊ ၀၉-၅၀၀၉၅၂၃၊ ၀၉- ၅၁၉၀၈၁၉၊ အမှတ် ၁၇၈ ခုနစ်လွှာ ဗညားဒလလမ်း မင်္ဂလာတောင်ညွန့်မြို့နယ်ဖုန်း-၂၉၃၀၁၂၊ ၀၉- ၅၄၁၁ ၆၅နှင့် အမှတ် ၂၉ ကုန်ဈေးတန်းလမ်း ပန်းဘဲတန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၃၈၀၅၈၉၊ ၃၈၀၀၇၃နှင့် Web: http//www. gsi. myanmar. com တို့ထံသို့ဆက်သွယ်နိုင်သည်။**(သတင်းစဉ်)**

ဆောက်သမ်းမြန်မာမှ ရဲထွန်းနိုင် နေပြည်တော်အသင်းဘက်သို့ ဂိုးသွင်း ရန်ကြိုးစားစဉ်။



သတင်းမြင်ကွင်းနှင့်ဓာတ်ပုံ-ဖိုးသော်ဇင်

ရန်ကုန် ဖေဖော်ဝါရီ ၅

MNL Grand Royal 2011 အမှတ်ပေးဘောလုံးပြိုင်ပွဲ ပွဲစဉ် (၄)ကို ယနေ့ညနေပိုင်းက ရန်ကုန်မြို့ရှိသုဝဏ္ဏကွင်းနဲ့ အောင်ဆန်းကွင်း၊ မန္တလေးမြို့ရှိ ဗထူးကွင်း၊ မုံရွာမြို့ရှိ မုံရွာကွင်းတို့တွင် ဆက်လက်ကျင်းပခဲ့သည်။ ပွဲစဉ်များ၏ အနိုင်အရှုံးများမှာ အောက်ပါအတိုင်းဖြစ်သည်။

(သုဝဏ္ဏကွင်း)
ဆောက်သမ်းမြန်မာ-တစ်ဂိုး
နေပြည်တော်-တစ်ဂိုး

(မုံရွာကွင်း)
ဇေယျာရွှေမြေ- လေးဂိုး
ကမ္ဘောဇ-တစ်ဂိုး

(ဗထူးကွင်း)
ရတနာပုံ-နှစ်ဂိုး
မကွေး-နှစ်ဂိုး

(အောင်ဆန်းကွင်း)
ဧရာဝတီယူနိုက်တက်-သုံးဂိုး
မနောမြေ-တစ်ဂိုး

ယနေ့ပွဲ

(သုဝဏ္ဏကွင်း)
ရက္ခပူရယူနိုက်တက်-
ရန်ကုန်ယူနိုက်တက်

(အောင်ဆန်းကွင်း)
ဇွဲကပင်ယူနိုက်တက်-
ဥဿာယူနိုက်တက်

(မြန်မာ့အလင်း)

အားကစားမြင့်တင်စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

ဒို့ကျေးရွာဂျာနယ် ထွက်ရှိ

ရန်ကုန် ဖေဖော်ဝါရီ ၅

မကာရရာသီအခါသမယ ပြာသိုလ၏ ရာသီပန်းဖြစ်သော ခွာညိုပန်းရနံ့များနှင့်အတူ ကျေးလက်နေပြည်သူတို့အတွက် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကျန်းမာရေးနှင့် ဗဟုသုတအဖြာဖြာတို့ကို စုံလင်စွာဖော်ပြပေးနေသော ဒို့ကျေးရွာဂျာနယ် အတွဲ(၈)၊ အမှတ်(၃)ကို ထုတ်ဝေဖြန့်ချိလိုက်ပြီဖြစ်သည်။

ဖော်ပြထား

ယခုအပတ်ထုတ် ဒို့ကျေးရွာဂျာနယ်တွင် ငမိုးရိပ်ရေလှောင်တမံ အဖိုးတန် အမွေ၊ စားသုံးဆီဖူလုံရေး နေကြာစိုက်ပျိုးပေး၊ အပူပိုင်းဒေသများ၏ ရတနာ ထန်းပင်စိုက်ပျိုးပါစသည့် စိုက်ပျိုးရေးဆောင်းပါးများ၊ ကျွဲ၊ နွားများအတွက် ကောက်ရိုးကို ယူရီးယားဖြင့် ပြုပြင်ကျွေးမွေးခြင်း၊ စနစ်တကျ တစ်နိုင်ဆိတ်မွေးမြူရေး၊ ကျွဲ၊နွားအအေးမိခြင်းပျောက်စေချင်စသည့် မွေးမြူရေးဆောင်းပါးများ၊ အနာကြီးရောဂါကင်းစင်ရေး လူတိုင်းပါဝင် ကြိုးပမ်းပေး၊ ကြိုတင်ကာကွယ်ပါ ကင်ဆာရောဂါ၊ ချင်း(ဂျင်း)ကို ပုံမှန်စားပါ၊ သိမှတ်သင့်ရာ သွေးတိုးရောဂါ၊ လူတိုင်းအတွက် အာဟာရအကြောင်း သိကောင်းစရာ စသည့် ကျန်းမာရေးဆောင်းပါးများ၊ ကချင်တိုင်းရင်းသားတို့၏ ချစ်စဖွယ်ယဉ်ကျေးမှု ရိုးရာဓလေ့များ၊ ပြည်သူ့အားဖြင့် အမျိုးသားအကျိုးစီးပွားကိုဖော်ဆောင်ပေးသွားမည့် ကျေးရွာစာကြည့်တိုက် ဖောင်ဒေးရှင်း၊ ရှင်သန်နေသော မြို့မစာကြည့်တိုက် စသည့် အသိပညာပေး သုတ၊ ရသ ဆောင်းပါးများ၊ ယနေ့ နိုင်ငံရေးအခြေအနေနှင့်ပတ်သက်၍ နိုင်ငံ့အရေး အလွယ်မတွေးစေချင်ပါ ဆောင်းပါး၊ ဒိန်းမတ်နိုင်ငံအကြောင်း သိကောင်းစရာ၊ ၂၀၂၅ ခုနှစ်တွင် ကမ္ဘာ့လူဦးရေအများဆုံး အိန္ဒိယနိုင်ငံဖြစ်လာနိုင်၊ တရုတ်နိုင်ငံ ကာဗွန်ဒိုင်အောက်ဆိုက် ထုတ်လွှတ်မှုလျှော့ချရေး လမ်းပန်းဆက်သွယ်ရေးကဏ္ဍတွင် အလေးထားဆောင်ရွက် စသည့် နိုင်ငံတကာသတင်းဆောင်းပါးများ၊ ဝတ္ထုတို၊ ကဗျာ၊ ဟာသ၊ ကာတွန်း၊ ဗေဒင်၊ မြန်မာဗီဒီယိုဇာတ်လမ်းများနှင့် သတင်းအတိုအထွာများကို စုံလင်စွာ ဖော်ပြထားသည်။

ဝယ်ယူရရှိနိုင်

ဒို့ကျေးရွာဂျာနယ်ကို အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများနှင့် ရန်ကုန်မြို့ရှိ စာအုပ်ဆိုင်ကြီးများတွင် တစ်စောင်လျှင် ငွေကျပ် ၂၀၀ နှုန်းဖြင့် ဝယ်ယူရရှိနိုင်သည်။ ဒို့ကျေးရွာဂျာနယ်အတွက် စာမူနှင့် ကြော်ငြာများကို အမှတ်-၂၂၈ သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၀၁၉၃၆နှင့် ၃၇၁၃၄၂ တို့သို့ ဆက်သွယ်ပေးပို့နိုင်သည်။ ***(သတင်းစဉ်)***

New Fashion Designer Group ၏ အဝတ်အစားဒီဇိုင်းနှင့်
စက်ချုပ်ပညာဒါန သင်တန်းအမှတ်စဉ်(၁၄) သင်တန်းသားများခေါ်ယူခြင်း

မြန်မာနိုင်ငံ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေရေးကို အထောက်အကူပြုစေရန်နှင့် မြန်မာအမျိုးသမီးများဘဝမြင့်တင်ရေးကို အထောက်အကူပြုစေရန်ရည်ရွယ်၍ ခေတ်မီအဝတ်အစားဒီဇိုင်းပညာရပ်များကို သင်တန်းတက်နေသူများနှင့် သင်တန်းတက်ရောက်လိုသူများ၏ တောင်းဆိုချက်အရ အခြေခံအဝတ်အစားဒီဇိုင်းပညာသင်တန်းအမှတ်စဉ်(၁၄)ကို New Fashion Designer Group မှ ပညာဒါနသင်တန်းဖွင့်လှစ်မည်ဖြစ်ပါသည်။ နောက်ဆုံးပေါ်နည်းပညာ Software များကိုအသုံးပြု၍ Projector ဖြင့် ကမ္ဘာ့အဆင့်အတန်းမီ Catalougများနှင့် အဆင့်မြင့်သင်တန်းခန်းမကြီး၌ သင်ကြားမည်ဖြစ်ပါသည်။ ကုမ္ပဏီဝန်ထမ်းများ၊ ရုံးဝန်ထမ်းများ၊ စက်ရုံအလုပ်ရုံမှဝန်ထမ်းများ၊ NGO အဖွဲ့များအဖွဲ့ဖြစ်စေ၊ တစ်ဦးချင်းဖြစ်စေ တက်ရောက်လိုပါက သီးခြားသင်တန်းခွဲများရှိသည်။

အဆင့်မြင့် အနောက်တိုင်းသတို့သမီးဝတ်စုံ(West Wedding Dress)၊ မြန်မာသတို့သမီးဝတ်စုံ (Traditional Wedding Dress)၊ ညနေခင်းပွဲတက်ဝတ်စုံ(Evening Dress)၊ Skirt, ဂါဝန်မျိုးစုံ (Dress Making) စသည့် ဒီဇိုင်းပညာရပ်များကို ဝါရင့်ဒီဇိုင်နာများ၊ ဝါရင့်ဒီဇိုင်းပညာရှင်များနှင့် Internationl တန်းဝင် Designer မှ စာတွေ့လက်တွေ့ သင်ကြားပေးသွားမည်ဖြစ်ပါသည်။ ပညာဒါနသင်တန်းအမှတ်စဉ်(၁၄) သင်တန်းတက်ရောက်လိုသူများ ၁၅-၂-၂၀၁၁ ရက်နောက်ဆုံးထား၍ စာရင်းပေးသွင်းနိုင်ပါသည်။

သင်တန်းသားဦးရေ ကန့်သတ်ထားပါသည်။

ဆက်သွယ်ရန်။ ။အမှတ် ၈၆၊ ၁၃ လမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၇၃၀၂၉၄၀၈၊ ၀၁-၂၂၇၀၉၆၊ ၂၂၅၄၆၉၊ ၀၉-၅၀၆၅၅၆၉။

[illegible]

[illegible]

ကန့်ကွက်နိုင်ပါသည်

သာကေတမြို့နယ်၊ ရတနာပုံအိမ်ရာ၊ တိုက် ၁၀၁၊ အခန်း ၂၀၂၏ မူလအမည်ပေါက် ဒေါ်ခင်ခင်မြင့်ထံမှ အဆင့်ဆင့်ဝယ်ယူထားသူ ဒေါ်သန္တာလှိုင်က အပြီးအပိုင် ဝယ်ယူပြီး မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနတွင် တိုက်ခန်းအမည်ပြောင်းမည်ဖြစ်ပါသဖြင့် ကန့်ကွက်မည့်သူရှိပါက အထောက်အထားတင်ပြလျက်၁၄ရက်အတွင်း မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနတွင် ကန့်ကွက်နိုင်ပါသည်။

ယာဉ်မှတ်ပုံတင်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃က/၉၀၄၈ Nissan Condor CM 87ES. ထရပ်(၄×၂) ယာဉ်လက်ဝယ်ရှိသူ ဦးစိုင်းအေး ၁၃/မကန(နိုင်)၀၁၇၆၇၉က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါ သည်။

ကညန(ခရိုင်ရုံး)၊ လှိုင်လင်။

ချိန်ခါမရွေး
သတိပေး
မီးဘေး
ကင်းဝေးမှာ

မူလတန်းကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်

ရွှေကူ ဖေဖော်ဝါရီ ၄

ဗန်းမော်ခရိုင် ရွှေကူမြို့နယ်လမ်းကူးကျေးရွာ၌ အခြေခံပညာ မူလတန်းကျောင်းဆောင်သစ် ပေးအပ်ပွဲကို ဇန်နဝါရီ ၂၇ ရက် နံနက် ၁၀ နာရီက ကျင်းပရာ အခမ်းအနားတွင် မြို့နယ်အတွင်းရေးမှူး ဦးဆန်းဦး၊ မြို့နယ်ပညာရေးမှူး ဒေါ်လှမိုင်တို့က အမှာစကားပြောကြားပြီး ကျောင်းအကျိုးတော်ဆောင် ဦးအောင်မြင့်က ကျောင်းဆောက်လုပ်ရေးလုပ်ငန်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး လမ်းကူးကျေးရွာ မူလတန်းကျောင်းအုပ်ဆရာမကြီး ဒေါ်နှင်းနွယ်က ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ထို့နောက် ကျေးရွာမူလတန်းကျောင်းအုပ်ဆရာမကြီး ဒေါ်နှင်းနွယ်က မူလတန်းကျောင်းဆောင်သစ်နှင့် ပတ်သက်သော အချက်အလက်များကို မြို့နယ်ပညာရေးမှူး ဒေါ်လှမိုင်ထံသို့ လွှဲပြောင်းပေးအပ်သည်။ ကျောင်းဆောင်သစ်ကို နိုင်ငံတော်မတည်ငွေနှင့် ကျေးလက်ပြည်သူများ ထည့်ဝင်လှူဒါန်းငွေဖြင့် ဆောက်လုပ်ခဲ့ကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

မော်လမြိုင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က မေတ္တာလမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို ဇန်နဝါရီ ၁၆ ရက်က အမှုဆောင်အရာရှိ ဦးမြင့်အောင် ကြည့်ရှုစစ်ဆေးရာ အင်ဂျင်နီယာမှူး ဦးတင်ကိုကိုနှင့် အင်ဂျင်နီယာ(၂) ဒေါ်ကြူကြူစန်းတို့ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

(၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲများကို ကျွန်းလှမြို့နယ်၌ ဇန်နဝါရီ ၁ ရက်မှ ၄ ရက်အထိ ရွှေကျွန်းမြေ အားကစားကွင်း၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးကျော်မြင့်က မီနီမာရသွန်ပထမဆုရ မောင်လပြည့်အား ဆုချီးမြှင့်စဉ်။

(မြို့နယ် ပြန်/ဆက်)

ရွှေဘို၌ စာပေဟောပြော

ရွှေဘို ဖေဖော်ဝါရီ ၄

၁၃၇၂ ခုနှစ် စာဆိုတော်နေ့ အထိမ်းအမှတ်အဖြစ် စာပေဟောပြောပွဲကို ဇန်နဝါရီ ၂၄ ရက် ည ၇ နာရီက စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့ ရန်ကြီးအောင် အားကစားခန်းမ၌ ကျင်းပရာ အခမ်းအနားတွင် ရွှေဘိုစာပေနှင့်စာနယ်ဇင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးရွှေစောသက်က မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့(ဗဟို)ကပေးပို့သော စာဆိုတော်နေ့သဝဏ်လွှာကို ဖတ်ကြားသည်။ **(အပေါ်ပုံ)**

ဟောပြော

ဆက်လက်၍ စာရေးဆရာချစ်နိုင်(စိတ်ပညာ)က လူ့ဘဝတန်ဖိုးခေါင်းစဉ်ဖြင့်လည်းကောင်း၊ စာရေးဆရာ နန္ဒာမိုးကြယ်က ဟာသရသနှင့် ဓမ္မရသခေါင်းစဉ်ဖြင့်လည်းကောင်း၊ ရုပ်ရှင်သရုပ်ဆောင် အဆိုတော် ဖိုးသောကြာက ကျွန်တော်မောင်သောကြာခေါင်းစဉ်ဖြင့်လည်းကောင်း ဟောပြောခဲ့ကြကြောင်း သိရှိရသည်။

(မြန်မာ့အလင်း)

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

မြန်မာ့အလင်း (၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြု

❖ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ လက်ထက် ဖွံ့ဖြိုးတိုးတက်လာသော ကချင်ပြည်နယ်

သတင်း-ဓာတ်ပုံ စာ- ၆၊ ၇

ရင်ကြားစေ့ရေး အသံကောင်းဟစ်၍ ဒုတိယပင်လုံကို ပွဲထုတ်ဖို့ကြိုးစားလာခြင်းမှာ ပို၍ဆိုးသည်။ နိုင်ငံ့လွတ်လပ်ရေးအတွက် အရေးပါသည့် အခန်းကဏ္ဍမှပါဝင်ခဲ့သည့် ပင်လုံစာချုပ်၏ အရိပ်ကိုခိုပြီး မရိုးမသားလုပ်ကြောင်း ပေါ်လွင်နေသည့်အပြင် ငြိမ်သက်နေသည့် ကန်ရေပြင်ကို ခဲနှင့်ပေါက်၍ အားမရသဖြင့် ဗုံးခွဲ၊ မိုင်းခွဲရန်အထိ ကြံစည်နေကြောင်း သိသာလှသည်။ စင်စစ်ဤသည်မှာ ဘယ်သူသေသေ ငတေမာရင်ပြီးရောစိတ်ဓာတ်ရှိသူ ပုဆိန်ရိုးတို့၏ အဖျက်စေတနာ၊ အဖျက်အကြံအစည်သာ ဖြစ်သည်။

ကျော်ရဲမင်း၏ ဆောင်းပါး စာ- ၈၊ ၉

❖ ညီညွတ်ခြင်းဖြင့်သာ

စလင်းဘုန်းကျော်၏ ကဗျာ စာ- ၉

❖ နိုင်ငံ့အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲဖို့....

လင်းမြတ်၏ ကာတွန်း စာ- ၉

ဘင်္ဂလားပင်လယ်အော်ရှိ လေဖိအားနည်းရပ်ဝန်းအခြေအနေ

နေပြည်တော် ဖေဖော်ဝါရီ ၅

ယနေ့ညနေ ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းနှင့် ယင်းနှင့် ဆက်စပ်လျက်ရှိသော သီရိလင်္ကာနိုင်ငံကမ်းခြေအနီး၌ ဖြစ်ပေါ်နေခဲ့သော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ (သတင်းစဉ်)

ထူးခြားသည့် ညအပူချိန်များ ၅-၂-၂၀၁၁

ဟားခါးမြို့	- ၁ ဒီဂရီစင်တီဂရိတ်
မိုးကုတ်မြို့	၂ ဒီဂရီစင်တီဂရိတ်
လားရှိုးမြို့	၂ ဒီဂရီစင်တီဂရိတ်
နမ့်စန်မြို့	၄ ဒီဂရီစင်တီဂရိတ်